# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်၊ အင်္ဂါနေ့။ Tuesday, 20 September 2022 ၁၀၈၆၄


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## မဝေးသည့် နှလုံးသား ပိုနီးလာသည်

ဆောင်းပါး စာမျက်နှာ » ၆၊ ၇

## ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၁၉**

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေးအထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် မိုင်းခတ်မြို့၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်များအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ အမ်းမြို့၊ ဂွမြို့၊ **စာမျက်နှာ ၃ ကော်လံ ၄ သို့ ✻**



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချစဉ်။

### ယနေ့ ဖတ်စရာ


**ငွေကြေးခဝါချမှု ကျူးလွန်သူများကို ထိရောက်စွာအရေးယူနိုင်ရေးနှင့် ကျူးလွန်ထားသော ငွေကြေးပိုင်ဆိုင်မှုပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာ သိမ်းဆည်းနိုင်ရေး ပိုမိုတိုးမြှင့်ဆောင်ရွက်**

စာမျက်နှာ » ၃

**FATF ၏ တိုးမြှင့်စောင့်ကြည့်ရမည့် နိုင်ငံနှင့် ဒေသများစာရင်းမှ လွတ်မြောက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၅

**သတင်းအမှန်များ ထုတ်လွှင့်ပြီး မှန်ကန်သည့်အရွေ့တစ်ခုသို့ရောက်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို**

စာမျက်နှာ » ၈

**အအေးပေးဒြပ်ပစ္စည်းများကြောင့် ဖြစ်ပေါ်လာသည့် အိုဇုန်းလွှာပျက်စီးမှုသည် ယနေ့ခေတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များတွင် အဓိကထားဖြေရှင်းရမည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်**

စာမျက်နှာ » ၁၀

ကြေးမုံ

# ဘေးအန္တရာယ်အမျိုးမျိုးတို့ကို သတိမူကြိုတင်ကာကွယ်

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကို ပြည်သူအများ ကိုးကွယ်သောနိုင်ငံဖြစ်၍ ရတနာသုံးပါးဂုဏ်ကျေးဇူးကြောင့် ကပ်သုံးပါးကိုရှောင်ရှားနိုင်သည့်သဘောရှိသည်။ ကမ္ဘာပေါ်ရှိနိုင်ငံအချို့တွင် စစ်ဘေး၊ ငတ်မွတ်ခေါင်းပါးဘေး၊ သဘာဝဘေး၊ ရောဂါဘေးများနှင့်ကြုံတွေ့နေကြသည်ကို မြင်တွေ့နေရသည်ဖြစ်ရာ ရတနာသုံးပါးဂုဏ်ကျေးဇူးကို အထူးသိမြင်ဆင်ခြင်၍ ရောဂါဘေးဘယာများ ကင်းဝေးနိုင်ကြစေရန် သတိပြုဆင်ခြင်ပြုလုပ်သင့်ပါသည်။

မျက်မှောက်ကာလတွင် ရောဂါဘယဘေးများနှင့် ပဋိပက္ခများကြောင့် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးနေရသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ လက်ရှိကာလတွင် ကမ္ဘာပေါ်ရှိ နိုင်ငံအချို့၌ ရေကြီးရေလျှံမှု၊ မုန်တိုင်းတိုက်ခတ်မှု၊ ငလျင်လှုပ်မှုတို့ကြောင့် လူသားတို့၏ အသက်ခန္ဓာများနှင့်ဥစ္စာပစ္စည်းများ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်များကို လူသားတို့အနေဖြင့် မလွန်ဆန်နိုင်သည်မှန်သော်လည်း အန္တရာယ်ကင်းဝေးစေရန် ဘာသာတရားအဆုံးအမများ၊ ရှောင်ရှားနိုင်မည့်နည်းလမ်းများနှင့် သတိမူဆင်ခြင်အပ်သည်တို့ဖြင့် ကာကွယ်သင့်ပေသည်။

မြန်မာနိုင်ငံတွင် မကောင်းမှုမိစ္ဆာ အဖျက်သမားအန္တရာယ်များအား နိုင်ငံတော်အစိုးရက ကာကွယ်တားဆီးပေးလျက်ရှိသည့်အပြင် ပြည်သူများကလည်း ရတနာသုံးပါးဂုဏ်ကျေးဇူးဖြင့် အန္တရာယ်ကင်းဝေးအောင် အားထုတ်သင့်ပေသည်။ အလားတူ ရောဂါဘေးအန္တရာယ်များကိုလည်း ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် နေထိုင်ကျင့်ကြံပြုလုပ်ကြရန်သာမက ရတနာသုံးပါးဂုဏ်တော်များနှင့် ကာကွယ်တားဆီးထားကြရမည်ဖြစ်သည်။ ယုံကြည်မှုနှင့်မပျက်မကွက်လိုက်နာဆောင်ရွက်မှုတို့သည် အကျိုးတရားများသည်ဖြစ်၍ မည်သည့်ဘာသာဝင်၊ မည်သည့်လူမျိုးမဆို လိုက်နာကျင့်ကြံအားထုတ်နိုင်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဘာသာတရားအပေါ် တန်ဖိုးထားရှိသေလေးစားမှုကြောင့် ဘေးအန္တရာယ်များနှင့်ကင်းဝေးပြီး အေးချမ်းသာယာသည့်နိုင်ငံဖြစ်လာပေလိမ့်မည်။ လက်ရှိတွင် မြန်မာနိုင်ငံမှ ပြည်သူများအနေဖြင့် အထူးသတိပြုလိုက်နာဆောင်ရွက်ကြရမည်မှာ ရောဂါဘယကင်းဝေးအောင် ဆောင်ရွက်ရေးဖြစ်သည်။ ရတနာသုံးပါးနှင့် မေတ္တာတရား၏လွှမ်းခြုံမှုကိုခံယူပြီး ကျန်းမာရေးအသိဖြင့် လိုက်နာဆောင်ရွက်သင့်ကြပါသည်။ ယခုအခါတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုများ မြင့်မားလာနေသည်ကို သတိရှိရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်များကိုလည်း အလားတူသတိပြုဆင်ခြင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကင်းဝေးရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံထားသူများသည် ရောဂါကူးစက်ဖြစ်ပွားမှုနှင့်သေဆုံးနိုင်မှုကို သိသာစွာလျှော့ချနိုင်သဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မပျက်မကွက်ထိုးနှံကြပြီး ထပ်ဆောင်းကာကွယ်ဆေးကိုလည်း သတ်မှတ်ထားသည့်အတိုင်း အကြိမ်ပြည့်ထိုးနှံထားကြရန်လိုအပ်သည်။ ယခုအခါ အနာဂတ်တွင် ကိုရိုနာဗိုင်းရပ်စ်ပိုးလှိုင်းဂယက်များ ဆက်လက်ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ္ဘာတစ်ဝန်းရှိအစိုးရများကို ဆက်လက်သတိထားဆောင်ရွက်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ခေါင်းဆောင်က သတိပေးထားသည်။ ထို့ကြောင့် ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ကြပါရန် အသိပေးအပ်ပါသည်။

အထူးသဖြင့် ဘိုးဘွားရိပ်သာများ၊ မိဘမဲ့ကျောင်းများ၊ ပရဟိတဂေဟာများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ဘုန်းတော်ကြီးသင်စာသင်ကျောင်းများနှင့် သင်တန်းများ၊ ဘော်ဒါဆောင်များ၊ အားကစားသမားများအား စခန်းသွင်းလေ့ကျင့်ရေးစခန်းများနှင့် အကျဉ်းထောင်များ၊ အချုပ်ထောင်များစသည့် လူအများစုဝေးနေထိုင်ရာနေရာများတွင် ကိုဗစ်-၁၉ ရောဂါအပါအဝင် ကူးစက်ရောဂါများ ကပ်အသွင်ဖြစ်ပွားနိုင်သဖြင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ရန် လိုအပ်ပေသည်။ လူစုလူဝေးရှိရာနေရာများတွင် နေထိုင်သူများအနေဖြင့် ထပ်ဆောင်းကာကွယ်ဆေးများကို မပျက်မကွက်ထိုးနှံထားကြရန် လိုအပ်ပေသည်။

အလုံပိတ်အခန်းအတွင်း၌ အတူနေထိုင်ခြင်း၊ အခန်းတွင်းသို့ အပြင်မှရောက်လာသူများအနေဖြင့် ကိုဗစ်စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ထားခြင်း၊ လက်ကိုမကြာခဏ ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း၊ ရုတ်တရက်နှာချေ၊ ချောင်းဆိုးသည့်အခါ ပါးစပ်နှင့်နှာခေါင်းကို တံတောင်ကွေးဖြင့် လုံခြုံအောင်ဖုံးအုပ်ခြင်း၊ စားသောက်ရာတွင် အတူစုဖွဲ့စားသောက်ခြင်းများနှင့် လူစုလူဝေးများကို တတ်နိုင်သမျှ ရှောင်ရှားကြရန်လိုအပ်ပါသည်။ ဖျားနာခြင်းနှင့် အခြားကိုဗစ် -၁၉ ရောဂါဆိုင်ရာ သံသယဖြစ်ဖွယ်ရာများ တွေ့ရှိရပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်ပြသကြပြီး ဆက်လက်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

သို့ဖြစ်ရာ ပြည်သူများအနေဖြင့် မျက်မှောက်ကာလတွင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် ရောဂါဘေးဘယာများကိုရှောင်ရှားနိုင်ရန် ကာကွယ်နိုင်မည့်နည်းလမ်းအမျိုးမျိုးတို့ကို မဖြစ်မီက ကြိုတင်ကာကွယ်ဆောင်ရွက်ထားနိုင်ပါရန် မေတ္တာဖြင့်အသိပေးအပ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးကျော်ကျော်နိုင် | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |
| (ခ) ဒေါက်တာသီတာလှ | ပါမောက္ခချုပ်(ဆေးရုံအုပ်ကြီး၊ ကုသရေး)<br>ရန်ကုန်ပြည်သူ့ဆေးရုံကြီး<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ လှိုင်ကော်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ခင်မြင့်ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၉- ၉ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၃၀၀ | ၉,၅၀၀ | ၆၄၀ | ၆,၀၇၆,၀၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၅၀ | ၃,၃၅၅ | ၁၁,၁၁၆,၆၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၂၀,၅၀၀ | ၂၀,၅၀၀ | ၁၅ | ၃၀၇,၅၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၅,၁၀၀ | ၁၄,၂၈၀,၀၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၂၀ | ၅၄,၀၀၀ |
| AMATA | ၅,၄၀၀ | ၅,၅၀၀ | ၄၁ | ၂၀၅,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၁၉

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၀၉၄.၁ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၉၉.၂၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၆.၇၆၄ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၁.၅၄ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၃၃၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၀၂.၀ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၈၉.၀ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၄၆၄.၀ |
| (ည) တောင်ကိုရီးယားး | တစ်ရာဝမ် | = | ၁၅၀.၅၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ငွေကြေးခဝါချမှု ကျူးလွန်သူများကို ထိရောက်စွာအရေးယူနိုင်ရေးနှင့် ကျူးလွန်ထားသော ငွေကြေးပိုင်ဆိုင်မှုပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းနိုင်ရေး ပိုမိုတိုးမြှင့်ဆောင်ရွက်




**နေပြည်တော် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံအနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်းလိုအပ်ချက်၊ အားနည်းချက်များ ရှိနေသေးကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းက ပြောကြားသည်။

ထို့ပြင် မူးယစ်ဆေးဝါးမှု၊ အဂတိလိုက်စားမှု၊ နယ်စပ်ဖြတ်ကျော်မှောင်ခိုမှုများအပါအဝင် ကုမ္ပဏီအဖွဲ့အစည်းများနှင့်ဆက်နွှယ်သည့် ငွေကြေးခဝါချမှုအန္တရာယ်များပိုမိုသိရှိနားလည်ရန်၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များတွင် ငွေကြေးခဝါချမှုဆုံးရှုံးနိုင်ခြေအန္တရာယ်အခြေပြု ကွင်းဆင်း/ ရုံးထိုင်စစ်ဆေးမှုများဆောင်ရွက်ရန်၊ ဟွန်ဒီလုပ်ငန်းများနှင့်ပတ်သက်၍ ပိုမိုကြီးကြပ်ဆောင်ရွက်ရန်၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများအချင်းချင်းပိုမိုပူးပေါင်းဆောင်ရွက်ရန်၊ ငွေကြေးခဝါချမှုဆိုင်ရာ သံသယဖြစ်ဖွယ်သတင်းပို့ချက်များ ပိုမိုဖော်ထုတ်ရန်၊ မှုခင်းများကို စုံစမ်းစစ်ဆေးရာတွင် ငွေကြေးဆိုင်ရာစုံစမ်းစစ်ဆေးခြင်းကိုပါ တစ်ပြိုင်တည်းတိုးမြှင့်ဆောင်ရွက်ရန်၊ ငွေကြေးခဝါချမှု ကျူးလွန်သူများကို ထိရောက်စွာအရေးယူနိုင်ရေးနှင့် ကျူးလွန်ထားသော ငွေကြေးပိုင်ဆိုင်မှုပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းနိုင်ရေး ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်၊ မှုခင်းများတွင် သိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းမိန့်ချမှတ်သည်အထိ တန်ဖိုးလျော့နည်းမှုမရှိစေရေးဆောင်ရွက်ရန်၊ လူအများအပြားသေကျေစေနိုင်သည့် လက်နက်များပြန့်ပွားမှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆောင်ရွက်ကြရန်ပြောကြားသည်။

ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၂/၂၀၂၂)ကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကိုဗစ်-၁၉ ဆိုင်ရာ ညွှန်ကြားချက်များနှင့် အညီကျင်းပစဉ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဥပဒေမူဘောင်များတောင့်တင်းခိုင်မာစေရန် နိုင်ငံတကာစံနှုန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် ယနေ့ အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် Financial Action Task Force-FATF က မြန်မာနိုင်ငံကို တိုးတက်ဆောင်ရွက်မှုများစောင့်ကြည့်မည့် နိုင်ငံနှင့်ဒေသများ (Grey List)စာရင်းတွင် ထည့်သွင်းသတ်မှတ်ခဲ့ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ ဆောင်ရွက်ချက်များကို အာရှ-ပစိဖိတ်ဒေသပူးတွဲအဖွဲ့ (Asia Pacific Joint Group-APJG) သို့ တိုးတက်မှုအစီရင်ခံစာ လေးလ တစ်ကြိမ်ပေးပို့ရခြင်း၊ မျက်နှာချင်းဆိုင်အစည်းအဝေးများ တက်ရောက်ရခြင်း၊ စံနှုန်းသတ်မှတ်ချက်နိမ့်သည့် အကြံပြုချက်များအပေါ် စံနှုန်းသတ်မှတ်ချက် တိုးမြှင့်ပေးနိုင်ရေးနှင့် (Asia-Pacific Group On Money Laundering-APG)သို့ တစ်နှစ်လျှင် တစ်ကြိမ် မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်တိုးတက်မှု အစီရင်ခံစာပေးပို့ခဲ့ကြောင်း။

မိမိတို့ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် FATF ၏ အကြံပြုချက်အချို့တွင် စံနှုန်းတိုးတက်ကောင်းမွန်မှုများရရှိပြီးဖြစ်ကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံပါ တိုးတက်ဆောင်ရွက်ချက်များကို APJG သို့ (၆)ကြိမ်ပေးပို့ခဲ့ပြီးဖြစ်ကြောင်း၊ ပထမအကြိမ် တိုးတက်မှုအစီရင်ခံစာတွင် အစီအမံ ၁၅ ချက်အပေါ် တိုးတက်မှုပေးပို့ခဲ့ရသော်လည်း ပဥ္စမအကြိမ်မှစ၍ ၁၁ ချက်၏ တိုးတက်မှုများကို ပေးပို့ခဲ့ကြောင်း။

ငွေကြေးခဝါချမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ၊ တရားစွဲဆိုမှုများ၊ ပိုင်ဆိုင်မှုသိမ်းဆည်းခြင်းများအပါအဝင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံကို ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် အပြီးသတ်ဆောင်ရွက်ရန် FATF က တိုက်တွန်းထားကြောင်း။

ထို့နောက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဝင်များနှင့်အစည်းအဝေးသို့ တက်ရောက်ကြသူများက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်စိုးတင့်နိုင်၊ ဗိုလ်ချုပ်ဇင်မင်းထက်နှင့် ဦးစန်းလွင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR )၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာဗျူရို ညွှန်ကြားရေးမှူးကို လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR )၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဗျူရို ညွှန်ကြားရေးမှူး Mr.Indrika Ratwatte ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်းရှိ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှု၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများ၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာအမျိုးသားအဆင့်ကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် ရှေ့ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအမံများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

**❋ ရှေ့ဖုံးမှ**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၁၅ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိမြို့နယ် လေးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၊ သရက်မြို့နယ်၊ မင်းဘူးမြို့နယ်တို့၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့်တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများ စသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သထုံခရိုင်ပြည်သူ့စာကြည့်တိုက်၌ ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲများ ပြုလုပ်

**သထုံ စက်တင်ဘာ ၁၉**

မွန်ပြည်နယ် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ခရိုင်ပြည်သူ့စာကြည့်တိုက်တွင် ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်မြင့်မားပြီး စာကြည့်တိုက်အား ပျော်ရွှင်စွာ လာရောက်အသုံးချတတ်စေရေးအတွက် ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းက ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ပေးအပ်**

ပြိုင်ပွဲများပြုလုပ်ရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက မူလတန်း ကျောင်းသား ကျောင်းသူ ၂၀ တို့အား စကားပုံဆက်ခြင်း၊ ပန်းချီဆွဲခြင်း၊ ဆေးရောင်ခြယ်ခြင်း၊ ခါးကွင်းလှည့်ခြင်း၊ ဂိမ်းများကစားခြင်း၊ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ဉာဏ်စမ်းပဟေဠိများဖြေဆိုခြင်း စသည့် စွမ်းရည်ပြိုင်ပွဲများ ပြုလုပ်ပေးရာ ကျောင်းသား ကျောင်းသူများက တပျော်တပါး ပါဝင်ကစားခဲ့ကြပြီး သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကလေးများအသိပညာတိုးပွားပြီး ဉာဏ်ရည်မြင့်မားရေး၊ ကျန်းမာကြံ့ခိုင်ပြီး အနာဂတ်၏ နိုင်ငံ့သားကောင်းများ ဖြစ်လာစေရေးတို့အတွက် ယခုကဲ့သို့ ပျော်ရွှင်ဖွယ်ရာ အစီအစဉ်များ၊ အသိပညာပေးဟောပြောခြင်းများ၊ စာအုပ်စာစောင်ပြသခြင်းများ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကို လစဉ်ပုံမှန် စဉ်ဆက်မပြတ် ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု လေးမှုတို့ကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု လေးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် စက်တင်ဘာ ၁၉**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးကြည်သိန်း၊ ဦးတင်ဟုန်၊ ဦးသောင်းနိုင်၊ ဦးသိန်းကိုကိုတို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၂/၂၀၂၂ (မန္တလေး) နှင့် တရားမအထူးအယူခံမှုအမှတ် ၂/၂၀၂၂ (ရန်ကုန်)၊ ၁၂/၂၀၂၁ (မန္တလေး)၊ ၃/၂၀၂၂ (ရန်ကုန်) နှင့် ၆ / ၂၀၂၂ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု လေးမှုတို့ကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု အမှတ် ၃/၂၀၂၁ (မကွေး)၊ ၁၅/၂၀၂၁ (ရန်ကုန်)၊ ၄၁/၂၀၂၀ (မွန်)နှင့် ၂၁/၂၀၂၂ (ရန်ကုန်)စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)နှင့် အကြိမ်(၁၄၀)မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၁၉**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ၁၂ လရာသီ အခါတော်နေ့ ပွဲတော်များအနက် ၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်နေ့၊ အောက်တိုဘာ ၉ ရက်(တနင်္ဂနွေနေ့)တွင် အဘိဓမ္မာအခါတော်နေ့အခမ်းအနားနှင့် ၁၃၈၄ ခုနှစ် သီတင်းကျွတ်လဆန်း ၁၁ ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိ အကြိမ်(၁၄၀) မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အဘိဓမ္မာအခါတော် နေ့ထူးနေ့မြတ်၌ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ စေတီတော်ရင်ပြင်ဓမ္မာရုံအတွင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများက စေတီတော်မြတ်ကြီးအား နံနက် ၇ နာရီတွင် ဆွမ်းတော်ကြီးတင်လှူခြင်း၊ အဘိဓမ္မာ ခုနှစ်ကျမ်း ပါဠိတော်ကောက်နုတ်ချက်များကို ရွတ်ဖတ်ပူဇော်ခြင်း၊ အဘိဓမ္မာအခါတော်နေ့ဆိုင်ရာ ကျူးရင့်သံများကို လျှောက်တင်ဖတ်ကြားပူဇော်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် နံနက် ၁၀ နာရီတွင် စေတီတော်ရင်ပြင်ဓမ္မာရုံအတွင်း၌ စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက်ဆရာတော်နှင့် တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက်ဆရာတော်၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက်ဆရာတော်များ အမှူးပြုသော ဩဝါဒါစရိယဆရာတော်ကြီး ၁၁ ပါးအား ပင့်ဆောင်၍ (၁၄)ကြိမ်မြောက် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)အခမ်းအနားနှင့် အကြိမ်(၁၄၀) မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကိုလည်း ကျင်းပသွားမည်ဖြစ်၍ ရဟန်းရှင်လူပြည်သူများ ပါဝင်ကုသိုလ်ပြုနိုင်ရန် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က အသိပေးနိုးဆော်ထားကြောင်း သိရသည်။

**၂၂**

## ကုလသမဂ္ဂ၊ အာဆီယံအဖွဲ့အပါအဝင် ဒေသတွင်းအဖွဲ့အစည်းများနှင့် လတ်တလောပူးပေါင်းဆောင်ရွက်မှုနှင့် စိန်ခေါ်မှုများ ရှင်းလင်းဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ ဝါရင့်အကြံပေးအဖွဲ့ဝင်များနှင့် အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန(ရန်ကုန်) မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



### ရှင်းလင်းဆွေးနွေး

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က နိုင်ငံခြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်မှု၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ကုလသမဂ္ဂ၊ အာဆီယံအဖွဲ့ အပါအဝင် ဒေသတွင်းအဖွဲ့အစည်းများနှင့် လတ်တလော ပူးပေါင်းဆောင်ရွက်မှုနှင့် စိန်ခေါ်မှုများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နာယကအဖွဲ့၊ ဝါရင့်အကြံပေးအဖွဲ့နှင့် အမှုဆောင်အဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းတာဝန်အသီးသီးကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးပြီး မိမိနိုင်ငံ၏အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲရေးမှာ အရေးအကြီးဆုံးဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့အနေဖြင့် ပညာရှင်များရှုထောင့်၊ သံတမန်နည်းလမ်းသွယ်-၂ မှ နိုင်ငံရေး၊ ကာကွယ်ရေး၊ စီးပွားရေး စသည့်ကဏ္ဍစုံတွင် မိမိနိုင်ငံအတွက် အကျိုးဖြစ်ထွန်းနိုင်မည့် အကြံဉာဏ်များ၊ သုံးသပ်ချက်များကို စဉ်ဆက်မပြတ်လေ့လာသုံးသပ်ဖော်ထုတ်၍ အကြံပြုတင်ပြသွားနိုင်ရေး တိုက်တွန်းမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ကျော်က မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့၏လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြပြီး ဝါရင့်အကြံပေးအဖွဲ့ဝင်များနှင့် အမှုဆောင်အဖွဲ့ဝင်များက အကြံပြုဆွေးနွေးတင်ပြကြသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့၏ ဝါရင့်အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား နိုင်ငံခြားရေးဝန်ကြီးဌာနက ခေါ်ယူတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၉**

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး မစ္စတာ မန်ဂျူရူလ် ကရင်လ် ခမ် ချောင်ဒရီအား ယနေ့ နံနက် ၉ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်)၌ ခေါ်ယူတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ်အနီး မကြာမီက ဖြစ်ပွားခဲ့သည့် ပစ်ခတ်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအား ခေါ်ယူတွေ့ဆုံစဉ် ပြောကြားခဲ့သည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖြစ်စဉ်ပကတိအခြေအနေမှန်ကို ရှင်းလင်းပြောကြား တုံ့ပြန်ခဲ့သည်။

ညွှန်ကြားရေးမှူးချုပ်က AA အဖွဲ့နှင့် ARSA အကြမ်းဖက်အဖွဲ့ပူးပေါင်း၍ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင် BP-၃၁ အနီး လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် တောင်ပြိုဝဲရဲကင်းစခန်းအား မော်တာကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါ မော်တာကျည် သုံးလုံးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းသို့ ကျရောက်ခဲ့ကြောင်း၊ AA အဖွဲ့နှင့် ARSA အကြမ်းဖက်အဖွဲ့တို့သည် အလားတူ စက်တင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင် BP-၃၄ အနီး တောင်ပြိုယာ ရဲကင်းစခန်းအား မော်တာကျည်များဖြင့် တိုက်ခိုက်ခဲ့ရာ မော်တာကျည် ကိုးလုံးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းသို့ ကျရောက်ခဲ့ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ယင်းကဲ့သို့ နှစ်နိုင်ငံနယ်နိမိတ် နယ်စပ်ခြံစည်းရိုးအနီးမှနေ၍ ပစ်ခတ်တိုက်ခိုက်နေမှုများသည် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ချစ်ကြည်ရေးပျက်ပြားအောင် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က အလေးထားပြောကြားခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က မြန်မာဘက် တာဝန်ရှိသူများအနေဖြင့် နှစ်နိုင်ငံနယ်နိမိတ်အနီး လိုအပ်သည့် လုံခြုံရေးကိစ္စများ ဆောင်ရွက်ရာတွင် နှစ်နိုင်ငံသဘောတူညီချက်များနှင့် နိုင်ငံတကာစံနှုန်းများအား လေးစားလိုက်နာဆောင်ရွက်ပြီး ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့မှုကို လေးစားကြောင်း၊ နှစ်နိုင်ငံနယ်စပ်တစ်လျှောက် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းရန် ဘင်္ဂလားဒေ့ရှ်ဘက်နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ဘင်္ဂလားဒေ့ရှ်ဘက်၏ အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှုသည်လည်း အလွန်အရေးကြီးကြောင်း အသိပေးပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ပိုင်နက်နယ်မြေအတွင်း AA အဖွဲ့နှင့် ARSA အကြမ်းဖက်အဖွဲ့တို့၏ ခြေကုပ်စခန်းများ တည်ရှိသည့်အချက်အလက်များကို ဘင်္ဂလားဒေ့ရှ်ဘက်သို့ စက်တင်ဘာ ၇ ရက်စွဲပါ သံတမန်စာဖြင့် ပေးပို့ပြီးဖြစ်သောကြောင့် ယင်းကိစ္စကို ဘင်္ဂလားဒေ့ရှ်ဘက်မှ မြေပြင်တွင် စုံစမ်းစစ်ဆေးအရေးယူမှုများ ချက်ချင်းပြုလုပ်ပေးရန် ညွှန်ကြားရေးမှူးချုပ်က ထပ်လောင်းအသိပေးခဲ့သည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်က ဖြစ်စဉ်အခြေအနေမှန်ကို ရှင်းလင်းဖော်ပြထားသည့်စာလွှာအား ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးထံသို့ ပေးအပ်ခဲ့သည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်အနီး ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ ဖြစ်စဉ်အခြေအနေမှန်များကို စက်တင်ဘာ ၁၈ ရက်ထုတ် မြန်မာနိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်သကဲ့သို့ နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ဘင်္ဂလားဒေ့ရှ်ဘက်သို့ စက်တင်ဘာ ၇ ရက်နှင့် ၁၇ ရက်တို့တွင် သံတမန်စာများဖြင့် ပြန်လည်ရှင်းလင်းအသိပေးပြီးဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**



## မတ္တရာမြို့နယ်၌ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မတ္တရာ စက်တင်ဘာ ၁၉**

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် အထက(မတ္တရာ) အောင်ဆန်းခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးမောင်မောင်သန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိဦးလှိုင်ဝင်းသန်းက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရပ်၏ သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလှိုင်ဝင်းသန်းက "ထိန်းသိမ်းကြပါ အိုဇုန်းလွှာ" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့သည်။ ထို့နောက် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အကြောင်း အသိပညာပေးဗီဒီယိုကို ပြသခဲ့သည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၉**

အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်လူမွန်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းမှ ဦးရဲနိုင်စိုးနှင့် ကွန်ပျူတာပညာရှင်များအသင်းမှ ဦးဇော်ဝင်းထွန်းတို့က အွန်လိုင်းမှ ပါဝင်တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**ခေတ္တာဆိုင်းငံ့ထား**

အစည်းအဝေးတွင် အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ၂၈-၈-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၃ ဖြင့်လည်းကောင်း၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ၂၁-၆-၂၀၁၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၉ ဖြင့်လည်းကောင်း၊ နည်းဥပဒေများကို ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀-၁၀-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၄/ ၂၀၂၀ ဖြင့်လည်းကောင်း၊ ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကို ၁-၁၁-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ်၊ ၆၃/၂၀၂၁ ဖြင့်လည်းကောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများအား ထုတ်ပြန်ရေးနှင့် စပ်လျဉ်းပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံရုံးခွန်အက်ဥပဒေပြင်ဆင်ရေး ဆောင်ရွက်နေသဖြင့် ခေတ္တာဆိုင်းငံ့ထားပါကြောင်း။

ထိုဥပဒေ၌ လှိုင်းနှုန်းစဉ်စီမံခန့်ခွဲမှု (Spectrum Allocation) နှင့် နည်းပညာပိုင်းဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များ (Technical Standard) များကို တာဝန်ယူဆောင်ရွက်မည့် အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် Content ပိုင်းဆိုင်ရာများကို တာဝန်ယူထိန်းကျောင်းမည့် ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီတို့ ပါဝင်ပါကြောင်း၊ အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို ၂၅-၁-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့ပြီး ထိုအဖွဲ့ကိုပင် ပြင်ဆင်သည့် ဥပဒေပုဒ်မ ၄ အရ ၂၅-၇-၂၀၁၈ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၈၆/၂၀၁၈ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း။

အဖွဲ့အနေဖြင့် ရုပ်သံလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစီမံချက်နှင့် မူဝါဒများကို ကောင်စီနှင့်လည်းကောင်း၊ လှိုင်းနှုန်းစဉ်စီမံခန့်ခွဲမှုဆိုင်ရာ စီမံချက်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့်လည်းကောင်း ညှိနှိုင်းရေးဆွဲချမှတ်ထုတ်ပြန်ရမည်ဖြစ်ပါကြောင်း၊ ထိုကိစ္စများအပြင် နိုင်ငံတော်အတွင်း ရုပ်သံလုပ်ငန်းအတွက် အသုံးပြုမည့် နှစ်စဉ်လှိုင်းနှုန်းစဉ် စီမံခန့်ခွဲမှုဆိုင်ရာ စီမံချက်ကို အများပြည်သူသို့ ထုတ်ပြန်ကြေညာခြင်း၊ ရုပ်သံလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည့် မူဝါဒရေးဆွဲချမှတ်ခြင်း၊ ရုပ်သံထုတ်လွှင့်မှုနည်းပညာနှင့် ရုပ်သံလုပ်ငန်းဆိုင်ရာပစ္စည်းများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ချိခြင်း၊ ရောင်းချခြင်းတို့နှင့် သက်ဆိုင်သည့် နည်းပညာဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များအားလည်းကောင်း၊ ရုပ်သံဖမ်းယူခြင်းဆိုင်ရာ ဂြိုဟ်တုစလောင်းများ၊ ဖမ်းစက်များ၊ ယင်းတို့နှင့် ဆက်စပ်သည့်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ချိခြင်း၊ ရောင်းချခြင်းတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းများကိုလည်းကောင်း ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆက်သွယ်ရေးမူဝါဒကြီးကြပ်မှု မူဘောင်တွင် ရုပ်သံလုပ်ငန်းကို တစ်ဆက်တစ်စပ်တည်း ပါဝင်ဖြစ်ထွန်းလာစေရေး အတွက်လည်း ဆက်သွယ်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အဖွဲ့နှင့် ကောင်စီသည် အနာဂတ် Broadcast Industry အတွက် အဓိက Regulator များအဖြစ် ဆောင်ရွက်သွားရမည်ဖြစ်သော်လည်း ကောင်စီကို ယခုအချိန်ထိ ဖွဲ့စည်းနိုင်ခြင်း မရှိသေးပါကြောင်း၊ ကောင်စီကိုယ်စား ကောင်စီ၏လုပ်ငန်းများအားလုံးကို အဖွဲ့က ဆက်လုပ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းဆွေးနွေးပေး**

နောင်ကို ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်းပြီး ဆွေးနွေးနိုင်ရန် ယခုကဲ့သို့ မျက်နှာစုံညီအစည်းအဝေးများကို အခါအားလျော်စွာ ကျင်းပသွားမည်ဖြစ်ပါကြောင်းနှင့် အားလုံးက တက်ရောက်ပေးပြီး ဝိုင်းဝန်းဆွေးနွေးပေးရန် ပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အဖွဲ့ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်လူမွန်က ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းထားရှိမှု၊ ပြင်ဆင်မှုနှင့် ဆက်လက်ပြင်ဆင်ရန် ဆောင်ရွက်နေမှု၊ New FM Frequency Migration စီစဉ်ဆောင်ရွက်နေမှုနှင့် MRTV DTH စနစ်ဖြင့် ထုတ်လွှင့်နိုင်ရန် စီစဉ်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီ အမြန်ဖွဲ့စည်းနိုင်ရေး၊ အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**

# FATF ၏ တိုးမြှင့်စောင့်ကြည့်ရမည့် နိုင်ငံနှင့် ဒေသများစာရင်းမှ လွတ်မြောက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ FATF ၏ တိုးမြှင့်စောင့်ကြည့်ရမည့် နိုင်ငံနှင့် ဒေသများစာရင်း (Jurisdictions under Increased Monitoring) မှ လွတ်မြောက်စေရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ပြောကြားသည်။





**ပြောကြား**

ယနေ့နံနက်ပိုင်းတွင် Virtual စနစ်ဖြင့် ကျင်းပသည့် ဘဏ်လုပ်ငန်းကဏ္ဍတွင် AML/ CFT ဆိုင်ရာ လက်ရှိဆောင်ရွက်ချက်များနှင့် ဘဏ်များ ဆက်လက်ဆောင်ရွက်ရမည့် အချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက ဘဏ်များနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် Action Plan ပါ အချက်များအနက် ဘဏ်များ၏ ဆုံးရှုံးနိုင်ခြေမြင့်မားသည့်အပိုင်းများ အပါအဝင် Onsite နှင့် Offsite စစ်ဆေးခြင်းကို အချိန်မီဆောင်ရွက်ခဲ့သည့်အတွက် ကြီးမားစွာလိုက်နာဆောင်ရွက်ကြောင်း (Largely Addressed) အဆင့်သတ်မှတ်ချက် ရရှိထားပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာဘဏ်များ၏ အကြီးအကဲများ၊ အမှုဆောင်များ၊ စီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် AML/ CFT ၏ အရေးကြီးပုံကို ကိုယ်တိုင်ကောင်းစွာ နားလည်သဘောပေါက်ပြီး မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်သွားရန်၊ မိမိဘဏ်၏ Compliance Team ကို လိုအပ်သည့် လမ်းညွှန်မှုများ၊ လုပ်ပိုင်ခွင့်များနှင့် ပံ့ပိုးမှုများ ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်နှင့် ဘဏ်များ၏ လျှို့ဝှက်ထားရန် တာဝန်ကို ကျိုးပေါက်မှု မရှိစေရေး အထူးအလေးထား ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ ပြည်ပငွေလွှဲလုပ်ငန်းကုမ္ပဏီများကြီးကြပ်ရေး လက်စွဲပြုစုထားပြီးဖြစ်၍ ပြည်ပငွေလွှဲကုမ္ပဏီများကို မကြာမီသွားရောက်စစ်ဆေးမည် ဖြစ်ကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ၌ FATF ၏ တိုးမြှင့်စောင့်ကြည့်ရမည့် နိုင်ငံနှင့် ဒေသများစာရင်း (Jurisdictions under Increased Monitoring) တွင် ထည့်သွင်းခြင်းခံရပြီးနောက် လေးလလျှင် တစ်ကြိမ်၊ အာရှ-ပစိဖိတ်ဒေသ ပူးပေါင်းအဖွဲ့ (APJG)မှ မြန်မာနိုင်ငံ၏တိုးတက်အကောင်အထည်ဖော် ဆောင်ရွက်မှုများကို တင်ပြလျက်ရှိကြောင်း သိရသည်။

ထို့နောက် မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌက ဘဏ်များအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့် အညီ လိုက်နာဆောင်ရွက်မှုအခြေအနေကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် ဘဏ်များမှ တာဝန်ရှိပုဂ္ဂိုလ်များက သိရှိလိုသည့် အချက်များနှင့် ဆောင်ရွက်ပေးစေလိုသည့် အချက်များကို တင်ပြကြရာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက လိုအပ်သည်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဌာနအကြီးအကဲများ၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌနှင့် နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၊ နိုင်ငံခြားဘဏ် ဘဏ်ခွဲများနှင့် နိုင်ငံခြားလက်အောက်ခံ ဘဏ်များမှ အကြီးအကဲများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# မဝေးသည့် နှလုံးသား ပိုနီးလာသည်

ဝဏ္ဏ(TGI)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့၏ ယာဉ်တန်းသည် လုံခြုံရေးယာဉ်တန်းများ ခြံရံ၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ဦးတည်ထွက်ခွာလျက်ရှိသည်။ စတင်ရောက်ရှိသည်မှ စက်တင်ဘာ ၉ ရက် နံနက်ပိုင်းအထိ ခေတ္တတည်းခိုနေထိုင်ခဲ့သည့် ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University(FEFU) တက္ကသိုလ်ကြီးမှာ ခန့်ထည်စွာဖြင့် ကျန်ရစ်သည်။ စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ စတင်သွားရောက်မည့်နေရာမှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ Amur ပြည်နယ် Blagoveshchensk မြို့သို့ ဖြစ်သည်။

**ကြိုဆို**

ခရီးဆက်မည့် အကြီးအကဲနှင့် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ဗလာဒီဗော့စတော့ခ်မြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဗလာဒီဗော့စတော့ခ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Stegniy Daria နှင့် တာဝန်ရှိသူများက လိုက်ပါပို့ဆောင် နှုတ်ဆက်ကြသည်။ Blagoveshchensk မြို့ Ignatyevo အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အကြီးအကဲနှင့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ် ဆိုက်ကပ်ချိန်တွင် Amur ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Mr. Vasilii Orlov နှင့် တာဝန်ရှိသူများက ကြိုဆိုသည်။ လှိုက်လှဲပျူငှာသည့် ကြိုဆိုမှုအပြီးတွင် အကြီးအကဲနှင့်မြန်မာ့အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ နားနေချိန်မရှိ။ ရတန်သည့်အချိန်အတွင်း ခရီးဆက်ကာ လေ့လာရေးခရီးကို စတင်ရန်အတွက် ရဟတ်ယာဉ်များပေါ်သို့ တက်ရောက်ကြသည်။ ရဟတ်ယာဉ်များ၏ ဦးတည်ရာနေရာမှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အာကာသလွှတ်တင်ရေးစခန်းဖြစ်သည့် Vostochny Cosmodrome သို့ဖြစ်သည်။

Vostochny Cosmodrome အာကာသလွှတ်တင်ရေးစခန်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အာကာသကော်ပိုရေးရှင်း State Space Corporation-"Roscosmos"၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Yuri Borisov၊ "Roscosmos" အာကာသအေဂျင်စီ၏ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဦးဆောင်ပညာရှင် Mr. Nikita Perminov နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်သည်။ ကြိုဆိုနှုတ်ဆက်မှုအပြီးတွင် Angara ဒုံးပျံလွှတ်စင် တည်ဆောက်မှုလုပ်ငန်းခွင်နှင့် Soyuz-2 ဒုံးပျံလွှတ်တင်စင်နေရာများသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။ ကြီးမားလှသည့် လုပ်ငန်းဆောင်ရွက်မှု ဖြစ်သည့်အပြင် ခေတ်မီနည်းပညာများကို အသုံးပြု၍ ဆောင်ရွက်နေသည့် အနေအထားဖြစ်၍ ကြီးကျယ်ခမ်းနားလှသည်။ လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုကျော်ကာလမှစတင်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ပညာတော်သင်များကို စေလွှတ်တက်ရောက်စေခဲ့ရာ ယခုလေ့လာလျက်ရှိသည့် နယ်ပယ်နှင့် ပတ်သက်သည့် ပညာရပ်များလည်းပါဝင်သည်။ ပထမဆုံးသော ခြေလှမ်းအဖြစ် ပညာတော်သင်များ စေလွှတ်ခြင်းမှသည် ယခု တစ်လှမ်းမကသော ခြေလှမ်းများသို့ လှမ်းလျှောက်နိုင်ခဲ့ပြီဖြစ်ရာ မဝေးတော့သည့်ကာလတွင် အမိမြန်မာပြည်၌လည်း အလားတူစီမံကိန်းများ ပေါ်လာနိုင်တော့မည်ဟုလည်း ယုံကြည်မိသည်။ အခြေအနေပေးလာမည့် အချိန်ကာလအတွက် အကြီးအကဲအနေဖြင့် ကြိုတင်စီမံမှုအဖြစ် ဆောင်ရွက်မှုအခြေအနေ၊ နည်းပညာပိုင်းဆိုင်ရာ အခြေအနေများကို မေးမြန်းသည်။ အကြီးအကဲ၏ မေးခွန်းအား စခန်းမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ တို့လွှတ်ထားတဲ့ ပညာတော်သင်တွေ၊ တို့ဆီမှာ ဘာတွေကြိုလုပ်လို့ရမလဲ။ တို့ဆီမှာ ဘာတွေရှိတယ်လေ အစချီသည့် အကြီးအကဲ၏ ပြောကြားချက် တစ်စွန်းတစ်စများတွင် အနာဂတ်အတွက် စီမံဆောင်ရွက်မှု အခြေအနေ တစ်စွန်းတစ်စပေါ်လွင်သည်။

**Rocket တပ်ဆင်ရေး အလုပ်ရုံ**

ဆက်လက်လေ့လာမှုတွင် Technical Complex အတွင်းရှိ Rocket တပ်ဆင်ရေး အလုပ်ရုံနှင့် ဂြိုဟ်တုထုတ်လုပ်ရေး အလုပ်ရုံများဘက်သို့ လှည့်သည်။ နက်နဲလှသည့် သိပ္ပံပညာနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများမှာ လွယ်ကူမှု မရှိနိုင်တာကို လှည့်လည်ကြည့်ရှုလေ့လာရင်း သတိပြုမိသည်။ ပညာရပ်တစ်ခုကို လေ့လာသင်ကြားခြင်းမှ စတင်ဆည်းပူးရသည်။ ရရှိလာသည့် အသိပညာ၊ အတတ်ပညာများကို လက်တွေ့လုပ်ငန်းခွင်နှင့် ပေါင်းစပ်၍ အောင်မြင်မှုပန်းတိုင်သို့ သွားရသည်။ မြန်မာနိုင်ငံမှ ပညာသင်များ အနေဖြင့် လေ့လာသင်ယူမှုကို ပြုခဲ့ကြပြီး ဖြစ်သည်။ မဝေးတော့သည့် ကာလတွင် လက်တွေ့လုပ်ငန်းခွင်နှင့် ပေါင်းစပ်၍ အမိမြန်မာနိုင်ငံအတွက် ရလဒ်ကောင်းများ ယူဆောင်ပေးရမည်ကို အကြီးအကဲ အနေဖြင့်ယုံကြည်မှုရှိသည်။ အကြီးအကဲ အနေဖြင့် မည်သည်တို့ကို စီမံပေးရမည်၊ မည်သည်တို့ကို ဖြည့်ဆည်းပေးရမည် စသည်တို့အတွက် မေးခွန်းများဖြင့် လေ့လာစူးစမ်းသည်။ တစ်ဖက် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်ကို စေ့စေ့စပ်စပ် နားစွင့်မှတ်သားသည်။ အစကောင်းလျှင် အနှောင်းသေချာမည်ကို သိမှတ်ထားသည်ဟု ယုံကြည်မိသည်။

ရသမျှအချိန်တိုအတွင်း လေ့လာမှုအပြီးတွင် Soyuz-2 ဒုံးပျံရှေ့တွင် အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး Engineering-technical building(GP-5)သို့ သွားရောက်၍ State Space Corporation "Roscosmos" အထွေထွေညွှန်ကြားရေးမှူးချုပ် Mr.Yuri Borisov နှင့် တွေ့ဆုံဆွေးနွေးသည်။


**အသေးစိတ်ဆွေးနွေး**

နှစ်ဖက် တွေ့ဆုံဆွေးနွေးမှုတွင် မြန်မာနိုင်ငံ၏ အာကာသနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်အချက်များကို ဦးတည်ဆွေးနွေးသည်။ အာကာသ နည်းပညာဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် အတွေ့အကြုံများ၊ ဆောင်ရွက်ရန်အတွက် အကြံပြုချက်များ၊ နည်းပညာဆိုင်ရာလိုအပ်ချက်များ အပါအဝင် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးတို့ကို အသေးစိတ်ဆွေးနွေးသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံဘက်မှလည်း ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ နည်းပညာရပ်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို ပြန်လည်ဆွေးနွေးသည်။ သဘောထားအရ တူညီမှုရှိသည့်အတွက် ဆွေးနွေးချက်များမှာ အထစ်အငေါ့မရှိ။ မျှဝေကြမည်။ ပူးပေါင်းဆောင်ရွက်ကြမည်ဟု ရလဒ်ကောင်းများသာ ထွက်ပေါ်သည်။ ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် စတင်ထူထောင်ပြီး ၂၀၁၆ ခုနှစ်တွင် ပထမဆုံး အာကာသယာဉ်ကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည့် Vostochry Cosmodrome အာကာသယာဉ် လွှတ်တင်ရေးစခန်းမှာ ယနေ့အထိ အာကာသယာဉ် ၁၁ စင်းကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည့် စခန်းဖြစ်သည်။ စတင်သည့်ကာလ မကြာသေးဟုဆိုနိုင်သော်လည်း အချိန်တိုအတွင်း အာကာသယာဉ် ၁၁ စင်းအထိ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်မှာ ဤစခန်း၏ ဂုဏ်ဒြပ်ပင်ဖြစ်သည်။ မြင့်မားသည့် ဂုဏ်ဒြပ်ကို ယခုအကြီးအကဲ၏ ခရီးစဉ်တွင် ပူးပေါင်းဆောင်ရွက်မည်ဟူသော ရလဒ်ကောင်းဖြင့် ပိုမိုခန့်ထည်စေခဲ့သည်ဟု ဆိုချင်မိသည်။

စာမျက်နှာ ၇ သို့ »»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ Rocket တပ်ဆင်ရေး အလုပ်ရုံအတွင်းရှိ Soyuz-2 ဒုံးပျံရှေ့တွင် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား Republic of Buryatia ပြည်နယ် Ulan-Ude မြို့ Baikal လေဆိပ်၌ Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Aleksey Sambuyevich Tsydenov နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

**"မြန်မာနိုင်ငံမှ ပညာသင်များအနေဖြင့် လေ့လာသင်ယူမှုကို ပြုခဲ့ကြပြီးဖြစ်သည်။ မဝေးတော့သည့်ကာလတွင် လက်တွေ့လုပ်ငန်းခွင်နှင့် ပေါင်းစပ်၍ အမိမြန်မာနိုင်ငံအတွက် ရလဒ်ကောင်းများ ယူဆောင်ပေးရမည်ကို အကြီးအကဲအနေဖြင့် ယုံကြည်မှုရှိသည်။ အကြီးအကဲအနေဖြင့် မည်သည်တို့ကို စီမံပေးရမည်၊ မည်သည်တို့ကို ဖြည့်ဆည်းပေးရမည် စသည်တို့အတွက် မေးခွန်းများဖြင့် လေ့လာစူးစမ်းသည်"**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မဟာယာနဗုဒ္ဓဘာသာခေါင်းဆောင်ဆရာတော်ကြီး Damba Bandmaeich Ayusheev က ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်စဉ်။

**"ကမ္ဘာပေါ်ရှိ ကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ရုပ်ပွားတော်ကြီး တည်ဆောက်မှုအခြေအနေ၊ ရုပ်ပွားတော်ကြီး တည်ဆောက်ပူဇော်မှုနှင့်အတူ ဗုဒ္ဓဘုရားရှင်၏ နှုတ်ကပါဌ်တော်များအား ကျောက်စာချပ်များတွင် ရေးထိုးပူဇော်နေမှု၊ ရေးထိုးပူဇော်ရာတွင် ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ခေတ်မီစက်ကိရိယာများ အသုံးပြုရေးထိုးနေမှု၊ ရေးထိုးပြီးစီးချိန်တွင် ကျောက်စာရုံစေတီများဖြင့် တည်ထားပူဇော်ရန် ဆောင်ရွက်နေမှုများကို လျှောက်ထား"**

»»» **စာမျက်နှာ ၆ မှ**

နိုင်ငံ့အကြီးအကဲ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်ကား ဆက်ရန်ကျန်သေးသည့်အတွက် Amur ပြည်နယ် Blagoveshchensk မြို့ Ignatyevo အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ထွက်ခွာသည်။ လေဆိပ်ရှိ အထူးလေယာဉ်ပေါ်သို့ ပြန်လည်တက်ရောက်၍ ခရီးဆက်လက်ထွက်ခွာမှုကို Amur ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Mr. Vasili Orlov နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်သည်။ ရသည့်အချိန်တိုအတွင်း ၎င်းအုပ်ချုပ်သည့် ပြည်နယ်အတွင်း လာရောက်လေ့လာခြင်းကို ဂုဏ်ယူနေဟန်လည်း တွေ့ရသည်။

**ကြိုဆိုနှုတ်ဆက်**

အကြီးအကဲလိုက်ပါလာသည့် အထူးလေယာဉ်သည် Buryatia ပြည်နယ် Ulan-Ude မြို့၏ Biakal လေဆိပ် ဆင်းသက်ချိန်တွင် Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ Buryatia ဒေသပြခန်းသို့ အကြီးအကဲ သွားရောက်ကြည့်ရှုလေ့လာစဉ် တွေ့ဆုံဖူးသည့်အတွက် မိတ်ဆွေပမာကြိုဆိုမှုမှာ နွေးထွေးလှသည်။

ကြိုဆိုနှုတ်ဆက်မှု အပြီးတွင် ပြည်နယ်အကြီးအကဲက လေဆိပ်အတွင်းရှိ ရဟတ်ယာဉ်ထားရှိရာနေရာသို့ အကြီးအကဲအား လိုက်လံကြည့်ရှုရန် ဖိတ်ကြားသည်။ မဝေးလှသည့် ရဟတ်ယာဉ်ထားရှိရာနေရာသို့ အရောက်တွင် ရဟတ်ယာဉ်အားပြသ၍ နောက်ဆုံးအဆင့် မြှင့်တင်ထုတ်လုပ်ထားရှိမှု အခြေအနေ၊ ရဟတ်ယာဉ်၏ အတွင်းပိုင်းနှင့် အပြင်ပိုင်းများတွင် ပြင်ဆင်ထားရှိမှု၊ အဆင့်မြှင့်တင်ပြီး ရဟတ်ယာဉ်၏ စွမ်းဆောင်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုအပေါ် အကြီးအကဲကသိရှိလိုသည်များကို မေးမြန်းရာ ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

နိုင်ငံအကြီးအကဲ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Biakal လေဆိပ်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာမှုမှာ ခေတ္တတည်းခိုနားနေမည့်နေရာသို့ မဟုတ်သေး။ Ivolginsky Dastan မဟာယာနဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းသို့ ဖြစ်ပြီး ကျောင်းသို့ရောက်ရှိချိန်တွင် မဟာယာနဗုဒ္ဓဘာသာခေါင်းဆောင် Damba Bandmaeich Ayusheev နှင့် သံဃာတော်များက ကြိုဆိုသည်။ ထို့နောက် ကျောင်းတော်အတွင်း ဗုဒ္ဓသာသနာတော်ဆိုင်ရာ ဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းမိန့်ကြားပြီး နောက်၁၂ပါးမြောက်လားမားဘုန်းတော်ကြီး၏ရုပ်ကလာပ်တော်အား ဖူးမြော်ကာ ဆရာတော်ကြီး၏ သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များ ရှင်းလင်းပြောကြားမှုကို နာယူကြည်ညိုကြသည်။ ထေရဝါဒဟူသော အစွဲအလမ်းကိုမထား။ မြတ်စွာဘုရားရှင်ကို ကိုးကွယ်ယုံကြည်သည့် ဆရာတော်အဖြစ် လေးမြတ်စွာဖူးမြော်မှု၊ နာယူကြည်ညိုမှုတို့မှာ အကြီးအကဲ၏ စိတ်သဘောထားကို အကဲခတ်ခွင့်ရသည်။

**တည်ခင်းဧည့်ခံ**

လားမား ဘုန်းတော်ကြီး၏ ရုပ်ကလာပ်အား ဖူးမြော်ကြည်ညိုအပြီးတွင်မဟာယာန ဗုဒ္ဓဘာသာခေါင်းဆောင် Damba Bandmaeich Ayusheev က ကျောင်းတော်အတွင်းရှိ ဧည့်ခန်းမတွင် အကြီးအကဲနှင့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား လက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံသည်။ လက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံရင်း စကားစမြည်ပြောဆိုမှုမှာ မြန်မာမှုနယ်ပယ်၏ ယဉ်ကျေးမှုနှင့်ပင် ဆင်တူနေသေးသည်။ မဟာယာနဗုဒ္ဓဘာသာခေါင်းဆောင်၏ မိန့်ကြားမှုတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေး ဆောင်ရွက်မှု အခြေအနေများကို စတင်မိန့်ကြားသည်။ ကိုးကွယ်ယုံကြည်မှုမတူညီသည့် နိုင်ငံရပ်ခြားတွင် သာသနာပြုရသည်မှာ မလွယ်ကူသည်ကို မိန့်ကြားချက်တွင် မြင်သာသည်။ Lvolginsky Dastan ဘုန်းတော်ကြီးကျောင်းမှ သံဃာတော်များ မြန်မာနိုင်ငံသို့ကြွရောက်ခဲ့စဉ်က ရွှေဟောင်းဘုရားစေတီ၊ ပုထိုးများကို ရှေးမူလလက်ရာမပျက် ထိန်းသိမ်းထားရှိမှု၊ နိုင်ငံအနှံ့အပြားတွင် ဗုဒ္ဓသာသနာတော်၏ ယဉ်ကျေးမှုဆိုင်ရာ လက်ရာများကို တွေ့မြင်ရမှုတို့အတွက် ပီတိစကားသံကို ဝမ်းမြောက်ဟန်နှင့် ဆိုသည်။ မကြာသေးသည့်အချိန်က ကာလုဂါပြည်နယ် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်တွင် မြန်မာနိုင်ငံက ရွှေစည်းခုံပုံတူစေတီတော် လာရောက်တည်ထားကိုးကွယ်ခဲ့သည့်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း သာမက ကမ္ဘာ့အဆင့်ထိ ဗုဒ္ဓသာသနာတော် ထွန်းကားရေး အထောက်အကူပြုမှုကိုလည်း အားပါးတရမိန့်သည်။ စေတီကြီးတည်ထားမှုမှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပထမဆုံးသော ဗုဒ္ဓသာသနာ၏ စေတီပုထိုးဖြစ်သည့်အတွက် ဆရာတော်၏ မျှော်လင့်ချက်၊ မိန့်ကြားချက်မှာ အားရဝမ်းသာဟန် အပြည့်ရှိနေသည်မှာ မထူးဆန်းလှ။

ဆရာတော်၏ မိန့်ကြားမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာအများစု ကိုးကွယ်ကြပြီး အခြားသော ဘာသာတရားများကိုလည်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထားသည့် အခြေအနေများကို စတင်လျှောက်ထားသည်။ နိုင်ငံအတွင်းရှိ သာသနာတော်ဆိုင်ရာ အဆောက်အအုံများကို အထွတ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Aleksey Sambuyevich Tsydenov က ၎င်းတို့ပြည်နယ်မှ နောက်ဆုံးအဆင့်မြှင့်တင်ထုတ်လုပ်ထားသည့် ရဟတ်ယာဉ်ကို လေဆိပ်၌ လိုက်လံပြသခဲ့ပြီး အတွင်းပိုင်း၊ အပြင်ပိုင်း ပြင်ဆင်ထားရှိမှုနှင့် စွမ်းဆောင်ရည်များကို ရှင်းလင်းတင်ပြစဉ်။

အမြတ်ထားကာ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိမှု၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်လျက် ရှိမှုများကို ဆက်လက်လျှောက်ထားသည်။ ကမ္ဘာပေါ်ရှိ ကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ရုပ်ပွားတော်ကြီး တည်ဆောက်မှုအခြေအနေ၊ ရုပ်ပွားတော်ကြီး တည်ဆောက်ပူဇော်မှုနှင့်အတူ ဗုဒ္ဓဘုရားရှင်၏ နှုတ်ကပါဌ်တော်များအား ကျောက်စာချပ်များတွင် ရေးထိုးပူဇော်နေမှု၊ ရေးထိုးပူဇော်ရာတွင် ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ခေတ်မီစက်ကိရိယာများ အသုံးပြုရေးထိုးနေမှု၊ ရေးထိုးပြီးစီးချိန်တွင် ကျောက်စာရုံစေတီများဖြင့် တည်ထားပူဇော်ရန် ဆောင်ရွက်နေမှုများကို လျှောက်ထားသည်။ သာသနာရေးဆိုင်ရာ ဆောင်ရွက်မှုများကို တင်လျှောက်ချိန်တွင် အကြီးအကဲ၏ လျှောက်ထားမှုက ဂုဏ်ယူမှုအပြည့်၊ ဝမ်းသာမှုအပြည့်ဖြင့် လျှောက်ထားမှုဖြစ်ကြောင်းကို လျှောက်တင်သံနှင့် မျက်နှာအမူအရာတို့တွင် ပေါ်လွင်လှသည်။ နားစွင့်နေသည့် ဆရာတော်အပါအဝင် သံဃာတော်များ၏ မျက်နှာတွင်လည်း အံ့ဩမှု၊ ဝမ်းမြောက်မှုတို့ကို အထင်သားမြင်နေရသည်။

**စာမျက်နှာ ၈ သို့** »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Aleksey Sambuyevich Tsydenov တို့ တွေ့ဆုံဆွေးနွေးစဉ်။

»»» **စာမျက်နှာ ၇ မှ**

ဆရာ၊ ဒကာသဖွယ်အပြန်အလှန် မိန့်ကြားမှု၊ လျှောက်တင်မှု၏အပြီးတွင် အကြီးအကဲက ခေါင်းဆောင်ဆရာတော်ကြီးအား ဗုဒ္ဓရုပ်ပွားတော်များ ဆက်ကပ်လှူဒါန်းသည်။ အကြီးအကဲ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ စုပေါင်းလှူဒါန်းငွေများကိုလည်း ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးနှင့် သံဃာတော်များက လက်ခံတော်မူပြီးနောက် အားလုံးက သာဓုခေါ်သည်။ ဆရာတော်ကြီးကလည်း တုံ့နှင့်သည့်မေတ္တာအဖြစ် ဓမ္မလက်ဆောင်များ ပြန်လည်စွန့်ကြဲသည့်အတွက် သာဓုခေါ်ဆိုသံကမစဲလှ။ တိုင်းတစ်ပါးနယ်မြေ၊ တစ်နည်းအားဖြင့် ဗုဒ္ဓဘာသာကိုးကွယ်မှု နည်းပါးလှသည့်မြေတွင် သာဓုခေါ်ဆိုသံကား ကြည်နူးဖွယ်ကောင်းလှသည်။ ၁၉၄၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး လက်ရှိကာလတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ဗုဒ္ဓဘာသာဝင်များ၏ ဌာနချုပ်သဖွယ် တည်ရှိနေသည့် ကျောင်းတော်ကြီးမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာချိန်သည် ညနေပင် အတော်စောင်းလှပြီဖြစ်သည်။

**တွေ့ဆုံဆွေးနွေး**

နိုင်ငံအကြီးအကဲ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ခေတ္တတည်းခိုမည့် Ulan-Ude မြို့ Mergen Batar ရောက်ရှိချိန်တွင်လည်း နားနေရန်အခွင့်မရသေး။ ဟိုတယ်ရှိ Tengeri ညီလာခံခန်းမတွင် Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Aleksey Sambuyevich Tsydenov တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

မြန်မာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တွင် ခရီးစဉ်လိုက်ပါလာသည့် နိုင်ငံတော်အဆင့်၊ ပြည်ထောင်စုအဆင့် တာဝန်ရှိအကြီးအကဲများနှင့် တပ်မတော်အကြီးအကဲများပါဝင်၍ Republic of Buryatia အစိုးရဘက်တွင် အစိုးရအဖွဲ့အကြီးအကဲနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ စီးပွားရေးဆိုင်ရာ ကိုယ်စားလှယ်များ စသည်ဖြင့် စုံလင်စွာ တက်ရောက်သည်။

နှစ်ဖက် တွေ့ဆုံဆွေးနွေးမှုမှာ ကျယ်ပြန့်လှသည်။ အဏုမြူနည်းပညာအသုံးပြု၍ ရောဂါရှာဖွေစမ်းသပ်မှု၊ တွေ့ရှိရောဂါများကို ခေတ်မီနည်းပညာများအသုံးပြု၍ ကုသဆောင်ရွက်ပေးနိုင်မှုအခြေအနေ၊ ဆေးပညာရှင်များအချင်းချင်း၊ ဆေးရုံများအချင်းချင်း အပြန်အလှန်ဖလှယ်ဆောင်ရွက်ခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ဆွေးနွေးကြသည်။ လာဘ်ကြီးတစ်ပါးအဖြစ် တင်စားလေ့ရှိသည့် ကျန်းမာရေးကဏ္ဍအတွက် ဆွေးနွေးမှုရလဒ်ကား ပြည့်စုံကောင်းမွန်သည့်အဆင့်သို့ ရောက်သည်။ ကျန်းမာရေးကဏ္ဍဆွေးနွေးမှုအပြီးတွင် သဘာဝသယံဇာတ ထုတ်လုပ်ရေးအတွက် နည်းပညာရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး ရထားသယ်ယူပို့ဆောင်ရေးကဏ္ဍတိုးတက်ရေးအတွက် လျှပ်စစ်စွမ်းအင်သုံးခေါင်းတွဲများ၊ ဒီဇယ်သုံးစက်ခေါင်းတွဲများ၊ ဓာတ်ငွေ့သုံးခေါင်းတွဲများ၊ ကိုယ်ထည်တွဲများထုတ်လုပ်ရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးသည်။ အလားတူ မီးရထားမောင်းနှင်ခုတ်မောင်းမှု နည်းပညာများ၊ မီးရထားနှင့်ဆက်စပ်လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် ဆွေးနွေးကြသည်။ ဆွေးနွေးသည့်အကြောင်းအရာ ကျယ်ပြန့်နက်နဲသည့်တိုင် ရှိရင်းစွဲခင်မင်မှု၊ ပူးပေါင်းဆောင်ရွက်နေမှုများကြောင့် အခက်အခဲမရှိ။ အောင်မြင်စွာ ဆွေးနွေးနိုင်ခဲ့ပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခြင်းဖြင့် ဆွေးနွေးပွဲအား ရုပ်သိမ်းသည်။

**ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း**

အောင်မြင်သည့် ဆွေးနွေးပွဲအပြီးတွင် Republic of Buryatia အစိုးရအဖွဲ့အကြီးအကဲက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ဂုဏ်ပြုညစာစားပွဲအား တည်ခင်းဧည့်ခံနေချိန်တွင် Buryatia ပြည်နယ်မှ နာမည်ကျော် အနုပညာရှင်များက ရိုးရာတေးသီချင်းများ၊ အကအလှများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြသည်။ မတူညီသည့် တူရိယာကွဲပြားသည့် သီဆိုဟန်နှင့် ခြားနားသည့် ဖျော်ဖြေမှုများဖြစ်သော်လည်း အမြင်၊ အကြားအရ မစိမ်းသလို ခံစားမိသည်။ ဤသည်ကပင် နှစ်နိုင်ငံ၏ ယဉ်ကျေးမှုကအစ နီးစပ်နေသည့် အခြားကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများသည်လည်း ဤနည်းနှင်နှင်သာ ဖြစ်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

# သတင်းအမှန်များ ထုတ်လွှင့်ပြီး မှန်ကန်သည့်အရွေ့တစ်ခုသို့ရောက်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို

**နေပြည်တော် စက်တင်ဘာ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရုပ်သံထုတ်လွှင့်လျက်ရှိသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တွေ့ဆုံပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရုပ်သံထုတ်လွှင့်လျက်ရှိသည့် Forever Group Co., Ltd.၊ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်၊ Fortune Broadcasting Co., Ltd.၊ KMA TeleMedia Holding Co., Ltd၊ My Multi Media Group Co., Ltd.၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပြည်သူ့အကျိုးကို ထာဝရရှေးရှု**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မီဒီယာ၏ အခန်းကဏ္ဍသည် အရေးကြီးသည့်အတွက် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ထာဝရရှေးရှု၍ မှန်ကန်သည့်ရပ်တည်ချက်ဖြင့် ဦးတည်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မိတ်ဖက်မီဒီယာများအနေဖြင့် ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေဖြစ်ရန် လိုအပ်သည့်အပြင် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒများနှင့် ကိုက်ညီမှုရှိရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ ယခုကဲ့သို့ တွေ့ဆုံပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းပြရခြင်းဖြစ်ကြောင်း။

ယနေ့အချိန်တွင် အချို့မီဒီယာများသည် သတင်းအမှားများ၊ ကောလာဟလများကို ဖြန့်ဝေထုတ်လွှင့်နေသည့်အတွက် ပြည်သူများကို ထိခိုက်မှုများစွာဖြစ်ပေါ်စေကြောင်း၊ ထိုသို့သတင်းမှားများ၊ ကောလာဟလများကို လူမှုမီဒီယာပလက်ဖောင်းမျိုးစုံမှ ဖြန့်ဝေနေမှုကြောင့် ပြည်သူများ၏ သတင်းအမှန်သိပိုင်ခွင့် ဆုံးရှုံးလျက်ရှိကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရုပ်သံထုတ်လွှင့်လျက်ရှိသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရများနှင့်အတူ နိုင်ငံတော်နှင့် ပြည်သူ့အတွက် တစ်ထောင့်တစ်နေရာမှ ပူးပေါင်းဆောင်ရွက်နေမှုများအတွက် ရုပ်သံကုမ္ပဏီများအား ကျေးဇူးတင်ရှိကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ပါဝင်ဆောင်ရွက်ပေးကြစေလိုပါကြောင်းနှင့် သတင်းအမှန်များ ထုတ်လွှင့်ပြီး မှန်ကန်သည့် အရွေ့တစ်ခုသို့ရောက်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ရုပ်သံလွှင့်မီဒီယာများ သတိပြုရမည့်အချက်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် TV ၊ FM Broadcaster ကုမ္ပဏီများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ရုပ်သံလွှင့်ဥပဒေများ ပြဋ္ဌာန်းထားရှိမှုအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၉**

ယနေ့မွန်းလွဲ တစ်နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားပြီးနောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်ကမ်းခြေသို့ ရောက်ရှိကာ ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

**မိုး/ဇလ**

■

# SIM Card များ စနစ်တကျ ဝယ်ယူအသုံးပြုနိုင်ရေးနှင့် မှန်ကန်စွာ မှတ်ပုံတင်သုံးစွဲနိုင်ရေး အသိပေးကြေညာချက်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန၏ စိစစ်ချက်များအရ SIM Card အသုံးပြုသူအချို့သည် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် စသည့် အချက်အလက်များကို မှန်ကန်စွာ ဖြည့်စွက်ခြင်းမရှိဘဲ အသုံးပြုလျက်ရှိနေကြသည်ကို တွေ့ရှိနေရပါသည်။

၂။ ယခုအခါ SIM Card မှတ်ပုံတင်ပြုလုပ်ရာတွင် ဖြည့်စွက်ထားသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တို့အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Database အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးသွားမည် ဖြစ်သည့်အတွက် သုံးစွဲသူ အများပြည်သူများအနေဖြင့် SIM Card များ ဝယ်ယူအသုံးပြုရာတွင် မိမိတို့၏မှတ်ပုံတင် **(မူရင်း)**ဖြင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တို့ကို မှန်ကန်စွာဖြည့်စွက်၍ စနစ်တကျ မှတ်ပုံတင်နိုင်ပြီးမှသာ အသုံးပြုကြရန်နှင့် လက်ရှိအသုံးပြုနေသည့် SIM Card များတွင် အချက်အလက်များအား မှန်ကန်စွာ ဖြည့်စွက်ထားခြင်း မရှိကြောင်း စိစစ်တွေ့ရှိရပါက အဆိုပါ SIM Card များကို အပြီး ပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်းနှင့် ပိတ်သိမ်း SIM Card များရှိ လက်ကျန်ငွေများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း အသိပေးဖော်ပြပါသည်။

၃။ ဆက်သွယ်ရေးအော်ပရေတာများနှင့် SIM Card ရောင်းချသူများအနေဖြင့်လည်း SIM Card များ ရောင်းချရာတွင်လည်းကောင်း၊ အချက်အလက်များ မှန်ကန်စွာ ပြန်လည်ပြင်ဆင် မှတ်ပုံတင်ရာတွင်လည်းကောင်း ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်သွားရန်နှင့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ သုံးစွဲသူ အများပြည်သူများအနေဖြင့် SIM Card များ ဝယ်ယူအသုံးပြုရာတွင် မိမိတို့၏အချက်အလက်များကို မှန်ကန်စွာ ဖြည့်စွက်၍ မှတ်ပုံတင်ဝယ်ယူသုံးစွဲကြပါရန်နှင့် လက်ရှိအသုံးပြုလျက်ရှိသော SIM Card များကိုလည်း အချက်အလက် မှန်ကန်စွာ မှတ်ပုံတင်ထားခြင်း ရှိ/မရှိ ပြန်လည်စစ်ဆေး၍၊ မမှန်ကန်ပါက မိမိတို့ အမှန်တကယ်သုံးစွဲနေသော SIM Card များကို ပိတ်သိမ်းခံရမှု မရှိစေရေးအတွက် သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ Online ဝန်ဆောင်မှုဖြင့်လည်းကောင်း၊ အရောင်းဆိုင်များ၊ Mobile Shop များတွင်လည်းကောင်း အချက်အလက်မှန်ကန်စွာဖြင့် အချိန်မီ ပြန်လည်ပြင်ဆင်မှတ်ပုံတင်၍ သုံးစွဲကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်

မိဘပြည်သူများအနေဖြင့် အောက်ဖော်ပြပါ နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ (အထစ)နှင့်ပတ်သက်၍ အခက်အခဲများအား သက်ဆိုင်ရာ မြို့နယ် လဝကရုံးများသို့ သွားရောက်ဖြေရှင်း ဆောင်ရွက်နိုင်ကြောင်း အသိပေးအပ်ပါသည်-

၁။ **နိုင်ငံသားစိစစ်ရေးကတ်**

(က) နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး/ပျက်စီးနေသူများသည် သက်ဆိုင်ရာ မြို့နယ် လဝကရုံးများသို့ သွားရောက်သတင်းပို့ ဖြေရှင်းရမည်။

(ခ) အသက်(၁၀)နှစ်ပြည့်ပြီးသော်လည်း နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသောသူများသည် သက်ဆိုင်ရာ မြို့နယ် လဝကရုံးများတွင် သွားရောက်ပြုလုပ်ခြင်း၊ ပန်းခင်းစီမံချက်များဖြင့် ပြုလုပ်ခြင်းများကို ဆောင်ရွက်နိုင်သည်။

(ဂ) အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပြီးသော်လည်း သတ်မှတ်ထားသော အသက်အပိုင်းအခြားအတိုင်း ပြန်လည်လဲလှယ်ရန် လိုအပ်ပါသည်။

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပါ အချက်အလက်များကွဲလွဲမှုရှိပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် သွားရောက်ပြင်ဆင်ရမည်။

(င) နိုင်ငံသားစိစစ်ရေးကတ် တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားရှိခြင်း မပြုရ။ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ (၁-၁၁-၂၀၂၂) ရက်နေ့အထိ ကတ်အပိုများ အပ်နှံခြင်း မပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာ အတည်ပြု၍ ယခင်ကတ်အပိုများအား ပယ်ဖျက်စာရင်းသွင်းပါမည်။

(စ) အမျိုးသား မှတ်ပုံတင်သက်သေခံကတ်ပြား (အမတ) ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်၍ နိုင်ငံသားစိစစ်ရေးကတ်သို့ ပြောင်းလဲရမည်။ (ပြောင်းလဲခွင့်ရှိသူများသာ)။

(ဆ) မိမိနိုင်ငံသားစိစစ်ရေးကတ်အား အခြားသူတစ်ဦးမှ ကိုင်ဆောင်ထားသည်ဟု သံသယရှိပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် သွားရောက်သတင်းပို့ရမည်။

၂။ **ပုံစံ ၆၆/၆ အိမ်ထောင်စု လူဦးရေစာရင်း (အထစ)**

(က) ပုံစံ ၆၆/၆ (အထစ) ပျောက်ဆုံး/ပျက်စီးနေသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက် သတင်းပို့ ဖြေရှင်းရမည်။

(ခ) ပုံစံ ၆၆/၆ (အထစ)တွင် ပါဝင်သော အိမ်ထောင်စုဝင်များသည် နိုင်ငံသားစိစစ်ရေးကတ်ရရှိပါက နိုင်ငံသားစိစစ်ရေး ကတ်အမှတ်အား မြို့နယ်လဝကရုံးတွင် မဖြစ်မနေ ဖြည့်သွင်းရမည်။

(ဂ) ပုံစံ ၆၆/၆ (အထစ) အချက်အလက်များနှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ အချက်အလက်များ ကွဲလွဲနေပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်ပြင်ဆင်ရမည်။ (ဥပမာ-နိုင်ငံသား စိစစ်ရေးကတ်အမှတ်၊ အမည်၊ မွေးသက္ကရာဇ်၊ အဖအမည်၊ အမိအမည်)။

(ဃ) ပုံစံ ၆၆/၆ (အထစ) တစ်ခုထက်ပို၍ လက်ဝယ် ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများသို့ အမြန်သွားရောက် သတင်းပို့ဖြေရှင်းရမည်။ (ဥပမာ-ပုသိမ်တွင် အထစ ပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစ ထပ်မံပြုလုပ်ထားရှိခြင်း)။ (၁-၁၁-၂၀၂၂)ရက်နေ့အထိ ပုံစံ ၆၆/၆ (အထစ) အပိုများ အပ်နှံခြင်းမပြုပါက နောက်ဆုံး ထုတ်ယူထားသော ပုံစံ ၆၆/၆ (အထစ)ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ)များအား ပယ်ဖျက်စာရင်းသွင်းပါမည်။

(င) ပုံစံ ၆၆/၆ (အထစ) အချက်အလက်များ (ပြောင်းဝင်/ ပြောင်းထွက်/ မွေးဖွား/ သေဆုံးခြင်း)၊ ပြောင်းလဲမှုရှိသည့် အခါတိုင်း သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်၍ နောက်ဆုံးအခြေအနေနှင့်အညီ ပြင်ဆင်မှုများကို ဆောင်ရွက်ရမည်။

(စ) မည်သည့်အရပ်ဒေသတွင်မှ အိမ်ထောင်စု လူဦးရေစာရင်း ပုံစံ ၆၆/၆ (အထစ) မရှိသေးသူများသည် နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သတင်းပို့၍ ပန်းခင်းစီမံချက်အရ စိစစ်ဆောင်ရွက်ပေးမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂) သန်းကျော်အား စာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆ အိမ်ထောင်စု လူဦးရေစာရင်းများကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများအား နီးစပ်ရာ မြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဝန်ကြီးဌာန**

# စီးပွားရေးဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်များ ဖန်တီးပေးရေးအတွက် CMP လုပ်ငန်းရှင်းနှီးမြှုပ်နှံသူများနှင့်တွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၉**

စီးပွားရေးဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်များဖန်တီးပေးရေးအတွက် CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်ရှိဖြစ်ပေါ်နေသည့် အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရေးတို့အတွက် CMP လုပ်ငန်းရှင်းနှီးမြှုပ်နှံသူများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေး**

တွေ့ဆုံပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က CMP ရင်းနှီးမြှုပ်နှံသူများ၏လုပ်ငန်းများ လွယ်ကူချောမွေ့စွာ လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည့်ကိစ္စရပ်များ၊ CMP စီးပွားရေးလုပ်ငန်းစု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကတို့အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ဆွေးနွေးရန်ပြောကြားပြီး တက်ရောက်လာသူများနှင့် အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ပေါင်းစပ်ညှိနှိုင်းဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းမှ ကိုယ်စားလှယ်များနှင့် နိုင်ငံခြားသား CMP လုပ်ငန်းရင်းနှီးမြှုပ်နှံသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သမဝါယမကဏ္ဍမှတစ်ဆင့် မဲခေါင်ဒေသတွင်း ပြည်သူများ၏ လူမှုစီးပွားမြင့်တင်ရေးတွင် ကူညီထောက်ပံ့မှုများ ပေးနိုင်မည်

နေပြည်တော် စက်တင်ဘာ ၁၉

ယနေ့ကျင်းပသည့် မဲခေါင်ဒေသရှိ သမဝါယမများ၏အခန်းကဏ္ဍ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ သမဝါယမလုပ်ငန်းများအပါအဝင် မဲခေါင်ဒေသတွင်းနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့၏ သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို သက်ဆိုင်ရာနိုင်ငံအလိုက် ကိုယ်စားလှယ်များက ဆွေးနွေးကြမည်ဖြစ်သည့်အတွက် မဲခေါင်ဒေသတွင်း သမဝါယမများ၏ အခန်းကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်မည်ဟုယုံကြည်မိကြောင်း ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရွှေစံအိမ်ဟိုတယ်၌ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ Zoom Meeting စနစ်ဖြင့် ကျင်းပသော မဲခေါင်ဒေသရှိ သမဝါယမများ၏အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မဲခေါင်ဒေသတွင်းငါးနိုင်ငံ၏ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန်၊ မဲခေါင်-လန်ချန်းဒေသအတွင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန်၊ မဲခေါင်ဒေသတွင်း နိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုပြီး သာယာဝပြောမှုကို တိုးမြှင့်ပေးရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုကွာဟနေခြင်းကို လျှော့ချသွားရန်၊ အာဆီယံအသိုက်အဝန်းတည်ထောင်မှုကို အထောက်အကူပြုရန်၊ ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်၏ ၂၀၃၀ ရည်မှန်းချက်များကို တိုးမြှင့်အကောင်အထည်ဖော်သွားရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေး (South-South Cooperation)ကို တိုးမြှင့်သွားရန် အဓိကရည်ရွယ်ကြောင်း။

ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်းဖြင့် မဲခေါင်ဒေသတွင်းနိုင်ငံများရှိ သမဝါယမကဏ္ဍများ အောင်မြင်တိုးတက်လာပြီး သမဝါယမကဏ္ဍမှတစ်ဆင့် မဲခေါင်ဒေသတွင်း ပြည်သူများ၏ လူမှုစီးပွားမြှင့်တင်ရေးတွင် ကူညီထောက်ပံ့မှုများ ပေးနိုင်မည်ဖြစ်ကြောင်း၊ မဲခေါင်ဒေသတွင်း နိုင်ငံများ၏ သမဝါယမကဏ္ဍမှ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းဆောင်ရွက်နေမှုများကို အထူးလေ့လာမှတ်သားပြီး မိမိတို့နိုင်ငံရှိ ပြည်သူများ၏ဘဝတိုးတက်ရေးကို ဘက်ပေါင်းစုံမှ ကူညီထောက်ပံ့ပေးနိုင်ရေး ကြိုးပမ်းနေသော ယခုလို အချိန်မျိုးတွင် အလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် ကောင်းမွန်သည့်ရလဒ်များရရှိကာ မိမိတို့နိုင်ငံ၏ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။




ဆက်လက်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များက မဲခေါင်ဒေသတွင်း သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းကွပ်ကဲရေးအဖွဲ့(မြန်မာ)မှ တာဝန်ရှိပုဂ္ဂိုလ်၊ ဝန်ကြီးဌာနရှိ ညွှန်ကြားရေးမှူးချုပ်များနှင့် သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ၊ မဲခေါင်ဒေသတွင်း နိုင်ငံများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အအေးပေးဒြပ်ပစ္စည်းများကြောင့် ဖြစ်ပေါ်လာသည့် အိုဇုန်းလွှာပျက်စီးမှုသည် ယနေ့ခေတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များတွင် အဓိကထားဖြေရှင်းရမည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်

နေပြည်တော် စက်တင်ဘာ ၁၉

ကမ္ဘာ့လေထုပူနွေးမှု လျှော့နည်းစေသည့် အအေးပေးနည်းပညာများတီထွင်ရေး ပြုပြင်ထိန်းသိမ်းခြင်းတွင် အိုဇုန်းလွှာကိုမထိခိုက်စေသည့် အစားထိုးဒြပ်ပစ္စည်းများ ပြောင်းလဲအသုံးပြုရေးသည် အရေးကြီးသော အခန်းကဏ္ဍဖြစ်ကြောင်း၊ အထူးသဖြင့် စီးပွားရေးလုပ်ငန်းများတွင် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများနှင့် ကမ္ဘာ့ပူနွေးမှုအလားအလာမြင့်မားသည့် ဒြပ်ပစ္စည်းများ လျှော့ချသုံးစွဲရန်လိုအပ်ပြီး စွမ်းအင်ချွေတာနိုင်သော အအေးခတ်ထိန်းညှိသည့် နည်းပညာများနှင့် စွမ်းဆောင်ရည်တိုးမြှင့်စေသည့် နည်းပညာများကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် အိုဇုန်းလွှာပျက်စီးမှု၊ ရာသီဥတုပြောင်းလဲမှုများကို လျှော့ချနိုင်မည့်အပြင် စားနပ်ရိက္ခာဆုံးရှုံးမှုကိုလည်း ကာကွယ်နိုင်မည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပြောကြားသည်။




ယနေ့နံနက်ပိုင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ ကျင်းပသော ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ **“၃၅ နှစ်တာ မွန်ထရီရယ် အောင်မြင်မှုခရီး- သက်ရှိတွေ ကာကွယ်ဖို့ ကမ္ဘာနှင့်အဝှမ်း ပူးပေါင်းဆောင်ရွက်စို့” “Montreal Protocol@ 35: global cooperation protecting life on earth”** ဖြစ်ပြီး မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်သည် ရာသီဥတုပြောင်းလဲမှုအပေါ် ပိုမိုကျယ်ပြန့်သည့် အကျိုးသက်ရောက်မှုရှိကာ ရာသီဥတုဆိုင်ရာ စိန်ခေါ်မှုများကို နိုင်ငံများ ပူးပေါင်းကိုင်တွယ်ဖြေရှင်းရန်နှင့် အနာဂတ်မျိုးဆက်သစ်များအတွက် ကမ္ဘာပေါ်ရှိ သက်ရှိများကို ကာကွယ်ရန် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်လိုအပ်ကြောင်းကို ယခုဆောင်ပုဒ်က အလေးပေးတိုက်တွန်းထားကြောင်း။

ကမ္ဘာ့တစ်ဝန်းအသုံးပြုသော အအေးပေးဒြပ်ပစ္စည်းများကြောင့် ဖြစ်ပေါ်လာသည့် အိုဇုန်းလွှာပျက်စီးမှုသည် ယနေ့ခေတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များတွင် အဓိကထားဖြေရှင်းရမည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၃ ခုနှစ်တွင် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်နှင့် လန်ဒန်ပြင်ဆင်ချက်များတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ် ကိုပင်ဟေဂင်ပြင်ဆင်ချက်နှင့် ၂၀၁၂ ခုနှစ် ပေကျင်းပြင်ဆင်ချက်များတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်လက်မှတ်ရေးထိုးပြီး အိုဇုန်းလွှာပျက်စီးစေမည့် ဒြပ်ပစ္စည်းများ လျှော့ချရပ်ဆိုင်းရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကလိုရိုဖလူကာဗွန် (CFC) တင်သွင်းမှုကို ၂၀၀၇ ခုနှစ်တွင်လည်းကောင်း၊ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFC) ခတ်ငွေ့သုံး မြင်းကောင်ရေ ၂ ဒသမ ၅ အောက် လေပေးစက်တင်သွင်းမှုကို ၂၀၂၀ ပြည့်နှစ်တွင်လည်းကောင်း ရပ်ဆိုင်းခဲ့ပြီးဖြစ်ကြောင်း၊ ဗီယင်နာကွန်ဗင်းရှင်းနှင့် မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်ပါကတိကဝတ်များအရ ကမ္ဘာ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုကြောင့် အိုဇုန်းလွှာအခြေအနေမှာ တစ်နှစ်လျှင် တစ်ရာခိုင်နှုန်းမှ သုံးရာခိုင်နှုန်းနှုန်းဖြင့် ပြန်လည်ကောင်းမွန်လာသည်ကိုလည်း လေ့လာတွေ့ရှိရကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးဗီဒီယိုနှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်၏ အမှုဆောင်ညွှန်ကြားရေးမှူး၏ဗီဒီယိုမက်ဆေ့တို့ကို ပြသပြီး ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများက အအေးပေးပစ္စည်းများနှင့် အထိမ်းအမှတ်ပိုစတာများ ပြသထားမှုကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အမျိုးသားအိုဇုန်းယူနစ်အဖွဲ့ဝင်များ၊ လေအေးပေးစက်နှင့်ပတ်သက်သော စက်မှုနည်းပညာရှင်များအသင်းမှ တာဝန်ရှိသူများ၊ အအေးပေးဒြပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းရှင်များ၊ တက္ကသိုလ်၊ ကောလိပ်၊ အစိုးရနည်းပညာအထက်တန်းကျောင်းများမှ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# န္ဒွားထိုးကြီးမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာ နည်းပညာသစ်ထွန်ယက်ရေး သရုပ်ပြ

မြင်းခြံ စက်တင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ငွေးပင်တောကျေးရွာတွင် လယ်ယာသုံးစက်ကိရိယာနည်းပညာသစ် ထွန်ယက်ရေး သရုပ်ပြသခြင်းကို ယမန်နေ့ နံနက် ၈ နာရီတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာ နည်းပညာသစ်ထွန်ယက်ရေး သရုပ်ပြသခြင်းသို့ ခရိုင်စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး၊ နွားထိုးကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ငွေးပင်တောကျေးရွာမှ တောင်သူများ တက်ရောက်ခဲ့ကြသည်။

“လယ်ယာသုံးစက်ကိရိယာ နည်းပညာသစ်ထွန်ယက်ရေး သရုပ်ပြသခြင်းကတော့ လယ်ယာမြေတွေမှာ မြေဆီလွှာတွေ ကျုံ့တဲ့အတွက် ယခုကျွန်တော်တို့ ပြသတဲ့ထွန်စက်နဲ့ ထွန်ယက်မယ်ဆိုရင် မြေဆီလွှာကျုံ့ခြင်းကြောင့် ကျစ်လျစ်သိပ်သည်းတဲ့ မြေဆီလွှာကို ထိုးခွဲနိုင်တဲ့အတွက် မြေအစိုဓာတ်ကိုလည်း ထိန်းသိမ်းနိုင်ပြီး မြေဆီလွှာကျစ်လျစ်သိပ်သည်းတာကို မဖြစ်ပေါ်စေပါဘူး။ ထို့အပြင် မြေဒုံပေါက်ခြင်းကိုလည်း ကာကွယ်ပေးပါတယ်။ ကျစ်လျစ်သိပ်သည်းတဲ့ မြေဆီလွှာကို ထိုးခွဲနိုင်တဲ့အတွက် အပင်တွေရဲ့အမြစ်ထွက်အားကောင်းခြင်း၊ ရေစုပ်ယူမှုအားကောင်းခြင်းတွေအပြင် အပင်ရဲ့လိုအပ်တဲ့ အောက်ဆီဂျင်နဲ့ နိုင်ထရိုဂျင်ဓာတ်ကို ပိုမိုရရှိစေမှာ ဖြစ်ပါတယ်”ဟု နွားထိုးကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

တောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာ နည်းပညာသစ် ထွန်ယက်စက်ဖြင့် မိမိတို့လယ်ခင်းများတွင် ထွန်ယက်လိုပါက နွားထိုးကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**မောင်အေးချမ်း**

# အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်း၍ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်စွမ်းအားမြင့်မားတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်





**နေပြည်တော် စက်တင်ဘာ ၁၉**

ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေနှင့် နိုင်ငံရေးအခြေအနေများအရ ဖြစ်ပေါ်လာသည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် စက်ရုံ၊ အလုပ်ရုံ ၂၉၁ ရုံနှင့် အလုပ်သမား ၁၀၄၇၉၈ ဦး အလုပ်ရပ်နားခံခဲ့ရပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၈ ရက်အထိ ကာလအတွင်း အသစ်ဖွင့်လှစ်သည့် စက်ရုံ၊ အလုပ်ရုံ ၁၁၄ ရုံနှင့် ပြန်လည်ဖွင့်လှစ်သည့် စက်ရုံ ၁၀၀ ရှိသဖြင့် စုစုပေါင်း ၂၁၄ ရုံရှိခဲ့ပြီး အလုပ်သမား ၅၄၈၁၉ ဦး အလုပ်အကိုင်များ ပြန်လည်ရရှိစေခဲ့ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ပြောကြားသည်။

**သုံးပွင့်ဆိုင်လုပ်ငန်းညှိနှိုင်းအစည်းအဝေး**

ယနေ့နံနက် ၁၀ နာရီက အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည့် စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်ရှင်၊ အလုပ်သမားများ၏ အခက်အခဲများနှင့်ပတ်သက်၍ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား သုံးပွင့်ဆိုင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယင်းသို့ပြောကြားခြင်း ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံအနေဖြင့် လွတ်လပ်စွာသင်းပင်းဖွဲ့စည်းခွင့်နှင့် ဖွဲ့စည်းခွင့်ကွန်ဗင်းရှင်း အမှတ်-၈၇ ကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အခြေခံအလုပ်သမားအဖွဲ့အစည်း ၂၈၉၂ ဖွဲ့၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း ၁၆၂ ဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်အလုပ်သမားအဖွဲ့ ၂၆ ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ်ကိုးဖွဲ့နှင့် အလုပ်သမားအဖွဲ့အစည်းအသင်းချုပ် တစ်ဖွဲ့ရှိပြီး အဆိုပါအလုပ်သမားအဖွဲ့အစည်းများတွင် အဖွဲ့အစည်းဝင် ၁၉၀၀၀၀ ရှိပါကြောင်းနှင့် အလုပ်သမားအဖွဲ့အစည်းများကို လွတ်လပ်စွာဖွဲ့စည်းနိုင်ရေး ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စက်ရုံ၊ အလုပ်ရုံများ ပိတ်သိမ်းရပါက အလုပ်ရှင်နှင့် အလုပ်သမားများ၏ အကျိုးစီးပွားများ နစ်နာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားပိုင်းဆိုင်ရာထိခိုက်နိုင်ပြီး တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထပ်ဆင့်အားနည်းစေနိုင်ကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားများ လုပ်ငန်းခွင်ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရေးအတွက် မည်သည့်ကိစ္စမဆို အပြုသဘောဆောင်၍ ဥပဒေနှင့်အညီ စက်ရုံအတွင်း ငြိမ်းချမ်းစွာညှိနှိုင်းဖြေရှင်းခြင်းဖြင့် လုပ်ငန်းခွင်ဆက်ဆံရေး တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း။

အွန်လိုင်းဖြင့် တက်ရောက်လာကြသော အလုပ်ရှင်၊ အလုပ်သမား၊ ခုံသမာဓိအဖွဲ့ဝင်များနှင့် စက်မှုဇုန်များမှ ကိုယ်စားလှယ်များအနေဖြင့် အမှန်တကယ်ကြုံတွေ့နေရသည့် အခက်အခဲများကို ဆွေးနွေးပေးရန်နှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည့် အချက်များကို ပွင့်ပွင့်လင်းလင်းအကောင်းဆုံး ဆွေးနွေးအဖြေရှာပြီး သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံ၏ကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် ကျင်းပခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့ပြီး အွန်လိုင်းဖြင့် တက်ရောက်လာကြသော ခုံသမာဓိကောင်စီအဖွဲ့ဝင်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ၊ စက်မှုဇုန်အသီးသီးမှ ကိုယ်စားလှယ်များက လတ်တလောတွေ့ကြုံနေရသည့် လုပ်ငန်းဆိုင်ရာအခက်အခဲများ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်များနှင့် အမြဲတမ်းအတွင်းဝန်တို့က ရှင်းလင်းဆွေးနွေး၍ ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဟန်ချက်ညီဖြေရှင်းနိုင်ရန် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ပူးပေါင်း၍ ကြုံတွေ့နေရသည့် အခက်အခဲများကို အတူတကွလက်တွဲကျော်ဖြတ်ရင်း၊ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်စွမ်းအားမြင့်မားတိုးတက်စေရေး၊ လူနေမှုဘဝမြင့်မားစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# SMIS Software စနစ်ကိုအသုံးပြုပြီး ပြည်သူသို့ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ဘဏ္ဍာငွေသက်သာပြီး သတင်းအချက်အလက်များ ပိုမိုလုံခြုံစိတ်ချရမှုများစွာသော အကျိုးကျေးဇူးများရရှိမည်

**နေပြည်တော် စက်တင်ဘာ ၁၉**

အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်၌ ပါဝင်သော အဓိကလုပ်ငန်းစဉ်များအနက် ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်၊ လူမှုရေးပင်စင်အစီအစဉ်နှင့် ဖြစ်ရပ်စီမံခန့်ခွဲခြင်းအစီအစဉ်တို့ကို SMIS Software စနစ်ဖြင့် ကနဦး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် (Social Management Information System-SMIS) Software စမ်းသပ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက် စနစ် (Social Management Information System-SMIS) Software ကို တပ်မတော်ကွန်ပျူတာပညာရှင်များက နည်းပညာပိုင်းဆိုင်ရာ ကူညီမှုများကြောင့် ယနေ့ကဲ့သို့ အကောင်အထည်ဖော် အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း။

SMIS Software ဖြင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ပြည်သူသို့ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများ ပိုမိုကောင်းမွန်ထိရောက်လာစေခြင်း၊ နိုင်ငံတော်ဘဏ္ဍာငွေ သက်သာခြင်း၊ သတင်းအချက်အလက်များ ပိုမိုလုံခြုံစိတ်ချရခြင်း များစွာသော အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အမှာစကား ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းက ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဗျူရိုညွှန်ကြားရေးမှူး Mr.Indrika Ratwatte ဦးဆောင်သောအဖွဲ့ကို အဆိုပါဝန်ကြီးရုံး စုပေါင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် UNHCR အဖွဲ့က ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ခရီးစဉ်အတွင်း IDP စခန်းနှင့် တိုက်ပွဲရှောင်စခန်းများသို့ သွားရောက်ခဲ့မှုနှင့် လေ့လာတွေ့ရှိချက်များ၊ ဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာအသစ် လက်မှတ်ရေးထိုး ဆောင်ရွက်နိုင်ရေးညှိနှိုင်းမှု အခြေအနေ၊ ပြန်လည် လက်ခံရေးလုပ်ငန်းစဉ်အား အထောက်အကူပြုမည့် လုပ်ငန်းများကို ဝန်ကြီးဌာနနှင့် ဆက်လက်ပူးပေါင်းနိုင်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ပြည်ထောင်စု ဝန်ကြီးက အာဆီယံနှင့်ပူးပေါင်း၍ဆောင်ရွက်နေသောစီမံကိန်းများ အကောင်အထည်ဖော်မှု၊ ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်သည်များ၊ UNHCR အနေဖြင့် အဆင့်တိုင်းတွင် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ချက်များကို အသိပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR)၏ အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ဗျူရိုညွှန်ကြားရေးမှူး Mr.Indrika Ratwatte ဦးဆောင်သောအဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

# ဘိုကလေးမြို့နယ်၌ ဟင်းသီးဟင်းရွက်များနှင့် သစ်သီးဝလံများအား ဈေးနှုန်းချိုသာစွာရောင်းချ

**ဘိုကလေး စက်တင်ဘာ ၁၉**

ပြည်သူများ၏ စားဝတ်နေရေး သက်သာချောင်ချိစေရေးအတွက် ယနေ့နံနက်၇နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အမှတ်(၁၈)လမ်းမဈေးအနီးတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ခြံထွက်ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ၁၄ မျိုးအား စားသုံးသူများ ထံအရောက် ကွင်းဆင်း၍ ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့သည်။



ရောင်းချပေးရာတွင် တိုင်ထောင်ပဲသီး၊ ပဲလင်းမြွေသီး၊ ရုံးပတီသီး၊ ခရမ်းသီး၊ မုန်လာဥနီ၊ မုန်လာဥဖြူ၊ ဂေါ်ရခါးသီး၊ ဘူးသီး၊ ခရမ်းချဉ်သီး၊ သခွားသီး၊ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ ဆလတ်တွန့်၊ ဆလတ်ရွက်တို့အား မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းစိုးဦးနှင့် ဝန်ထမ်းများက သုံးဘီးယာဉ် တစ်စီးစာ ရောင်းချပေးခဲ့ကြောင်းနှင့် ရောင်းချနေမှုများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းနှင့်အဖွဲ့က သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**



(၅၈) နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ ရေတာရှည်မြို့နယ် သာဂရအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ရဲအုပ်သက်နိုင်စိုး ဦးစီးတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ဂုံမင်းကွင်းကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြစဉ်။ **ကိုလွင်(ဆွာ)**

# ရှမ်းပြည်နယ်အတွင်းရှိ ဟိုတယ်နှင့်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ် ညောင်ရွှေမြို့ အင်းလေးကန် သန့်ရှင်းသာယာလှပရေးအတွက် ဒိုက်၊ ဗေဒါနှင့် အမှိုက်များ ဆယ်ယူဆောင်ရွက်ထားရှိမှုကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် စက်လှေဖြင့်လှည့်ပတ်ကြည့်ရှုပြီး Aureum Palace Hotel ၌ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းအသင်းအဖွဲ့များ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

**ပြောကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုကာလသည် မိုးရာသီဖြစ်သော်လည်း မြန်မာနိုင်ငံအနှံ့ ခရီးစဉ်ဒေသများ၌ ခရီးသွားဧည့်သည်များ စတင်ဝင်ရောက်နေကြပြီဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများနှင့် အခြားအခက်အခဲများ ရှိနေသော်လည်း ရင်ဆိုင်ကျော်လွှားကာ ဖြစ်နိုင်သည့်နေရာမှ သတိပြုဆင်ခြင်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အင်းလေးကန်အတွင်း ဒိုက်၊ ဗေဒါများ အစဉ်အမြဲ ရှင်းလင်းနေစေရန်အတွက် ၎င်းတို့ကို ပြန်လည်အသုံးပြုနိုင်မည့် နည်းလမ်းများကို စဉ်းစားကြရန်လိုအပ်ကြောင်း၊ ဒေသခံများနှင့် အင်းလေးဒေသရှိ လူမှုအဖွဲ့အစည်းများ၊ ဟိုတယ်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပျက်အစဉ် ပြင်ခဏဖြစ်သဖြင့် တစ်ဦးချင်း၏ အသိစိတ်ဓာတ်ဖြင့် အင်းလေးကန် သန့်ရှင်းသာယာလှပရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Enchanting Myanmar Health and Safety Protocol နှင့်အညီ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ထားရှိသော နိုင်ငံအဆင့်အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် ညောင်ရွှေမြို့ရှိ ဟိုတယ်များအား နိုင်ငံအဆင့် အသိအမှတ်ပြုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ညောင်ရွှေမြို့ရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဖွင့်လှစ်ထားရှိသော ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်းအတွင်း ဟိုတယ်ဝန်ဆောင်မှုသင်တန်းများအား စာတွေ့လက်တွေ့ သင်ကြားပြသရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးဟိုတယ်ခန်းမ၌ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ တောင်ကြီးမြို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းအသင်းအဖွဲ့များ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံအဆင့် အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် တောင်ကြီးမြို့ရှိ ဟိုတယ်များအား အသိအမှတ်ပြုတံဆိပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးဟိုတယ်၌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် တွေ့ဆုံကာ ရှမ်းပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အင်းလေးကန် သန့်ရှင်းသာယာလှပရေးနှင့် ကလောမြို့အား ခရီးသွားမြို့တော်အဖြစ် အကောင်အထည်ဖော်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့ ဂရင်းဟဲဗင်းဟိုတယ်၌ ကလောမြို့ရှိ ဟိုတယ်ဝန်ထမ်း ၉၉ ဦးအား ကိုဗစ်-၁၉ ရောဂါ တတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံနေမှုအား ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့ရှိ ဟိုတယ်ကလောဟေးလ်လော့ခန်းမ၌ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး၊ ကလောမြို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းအသင်းအဖွဲ့များ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပြီး နိုင်ငံအဆင့် အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် ကလောမြို့ရှိ ဟိုတယ်များအား အသိအမှတ်ပြုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Kalaw Glamping & Eco Activities Co.,Ltd. မှ စွန့်စားမှု ခရီးသွားလုပ်ငန်းဖော်ဆောင်ရေးအတွက် တည်ဆောက်လျက်ရှိသော Zip line၊ Sky Bridge၊ Monkey Walk၊ Jacob Ladder၊ Abseil၊ Triangle Rope Courses Adventure၊ Rock Climbing အစရှိသည့် အခက်အခဲဖြတ်ကျော် ကစားနည်းများနှင့် ကလေးငယ်များအတွက် စီစဉ်ထားသော Eco Playground တို့အား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အိုဇုန်းလွှာသည် သက်ရှိများ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် မရှိမဖြစ်အရေးကြီးသည့် အလွှာတစ်ခုဖြစ်သောကြောင့် နောင်အနာဂတ်မျိုးဆက်များအထိ ဆက်လက်ထိန်းသိမ်းကြရမည်





**ထားဝယ် စက်တင်ဘာ ၁၉**

အိုဇုန်းလွှာသည် သက်ရှိများ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် မရှိမဖြစ်အရေးကြီးသည့် အလွှာတစ်ခုဖြစ်သောကြောင့် ယခုလက်ရှိကာလအပြင် နောင်အနာဂတ်မျိုးဆက်များအထိ ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ကမ္ဘာပေါ်ရှိသက်ရှိများ ရေရှည်ရပ်တည်နိုင်မည်ဖြစ်၍ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကိုက ပြောကြားသည်။

"၃၅ နှစ်တာမွန်ထရီရယ် အောင်မြင်မှုခရီး- သက်ရှိတွေကာကွယ်ဖို့ ကမ္ဘာ့နှင့်အဝှမ်း ပူးပေါင်းဆောင်ရွက်စို့"ဟူသော ဆောင်ပုဒ်နှင့်အညီ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က "ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့" ကို ၁၉၉၅ ခုနှစ်ကတည်းက မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်ကို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက်ရောက်တိုင်း နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ "ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့" ကျင်းပရသည့် အဓိကရည်ရွယ်ချက်မှာ မိမိတို့လူသားများနှင့် သက်ရှိများကို ခရမ်းလွန် ရောင်ခြည်မှ အကာအကွယ်ပေးထားသော စထရာတိုစဖီးယားအလွှာတွင်ရှိသည့် အိုဇုန်းအလွှာကို မပျက်စီးအောင် ကာကွယ်ထိန်းသိမ်းကြရန် သတိပေးသောအနေဖြင့် နှစ်စဉ်ကျင်းပဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မီသိုင်းဘရိုမိုဒ်တင်သွင်းမှုကို ပမာဏအနည်းငယ်သာ နှစ်စဉ်ခွင့်ပြုခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ပြုလုပ်ခဲ့သည့် အမျိုးသားအဆင့် အိုဇုန်းယူနစ်အစည်းအဝေးတွင် တင်သွင်းသူများနှင့်ဆွေးနွေးချက်များအရ ၂၀၂၀ ပြည့်နှစ်မှစ၍ နှစ်စဉ်ခွဲတမ်းစနစ်ဖြင့်သာ တင်သွင်းခွင့်ပြုမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် လုံးဝရပ်ဆိုင်းမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကိုဖတ်ကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကိုနှင့် တာဝန်ရှိသူများက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် သရုပ်ဖော်ပန်းချီနှင့် စာစီစာကုံးဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပြသသော အသိပညာပေးဗီဒီယိုနှင့် ပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား လွိုင်ကော်မြို့၌ ကျင်းပ




**လွိုင်ကော် စက်တင်ဘာ ၁၉**

ကယားပြည်နယ် အစိုးရအဖွဲ့မှ ကြီးမှူး၍ ၂၀၂၂ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)၊ ဒေသကွပ်ကဲရေးမှူး၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ကယားပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားရာတွင် အိုဇုန်းလွှာထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းစဉ်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အိုဇုန်းလွှာပျက်စီးပါက ရင်ဆိုင်ကြုံတွေ့ရမည့် ဆိုးကျိုးများ၊ အိုဇုန်းလွှာပျက်စီးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် ထိန်းသိမ်းမှုလုပ်ငန်းများတွင် သက်ဆိုင်ရာဌာနများနှင့်ပြည်နယ်သူ ပြည်နယ်သားများ ပူးပေါင်းပါဝင်မှုမြှင့်တင်ဆောင်ရွက်သွားရမည့် အချက်များကို ပြောကြားခဲ့သည်။

ထို့နောက် ၂၀၂၂ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အနေဖြင့် ပြည်နယ်အတွင်း အခြေခံပညာ အထက်တန်း၊ အလယ်တန်း (ပြည်နယ်အဆင့်) ကျင်းပပြုလုပ်သော စာစီစာကုံးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ၂၀၂၂ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုအား ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကယားပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနက ခင်းကျင်းပြသထားသော ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ပြခန်းများနှင့် ပြိုင်ပွဲဝင်ဆုရ စာစီစာကုံးများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ၂၀၂၃ ခုနှစ်တွင် ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၆၄ ဘီလီယံ ရရှိရန် ထိုင်းနိုင်ငံ မျှော်မှန်းထား



**ဗန်ကောက် စက်တင်ဘာ ၁၉**

ထိုင်းနိုင်ငံအစိုးရသည် ၂၀၂၃ ခုနှစ်တွင် ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၆၄ ဘီလီယံ (ဘတ် ၂ ဒသမ ၃၈ ထရီလီယံ)ရရှိရန် မျှော်မှန်းထားကြောင်း ထိုင်းနိုင်ငံအစိုးရပြောရေးဆိုခွင့်ရှိသူ အာနူချာ ဘူရာပါချိုင်စရီက စက်တင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

ခရီးသွားလုပ်ငန်းသည် အရှေ့တောင်အာရှနိုင်ငံတစ်ခုဖြစ်သည့် ထိုင်းနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကမောင်းနှင်အားတစ်ခုဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် ၂၀၁၉ ခုနှစ်က ရရှိခဲ့သည့် ခရီးသွားလုပ်ငန်းဝင်ငွေ၏ ၈၀ ရာခိုင်နှုန်းအထိ ပြန်လည်ရရှိရန် မျှော်လင့်လျက်ရှိကြောင်း အာနူချာ ဘူရာပါချိုင်စရီက ပြောကြားသည်။

ထိုင်းနိုင်ငံအစိုးရသည် ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံခြားသားခရီးသွားများထံမှ ခရီးသွားလုပ်ငန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ ဘီလီယံခန့် (ဘတ် ၁ ဒသမ ၅ ထရီလီယံ)နှင့် ပြည်တွင်းခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၈ ဘီလီယံခန့် (ဘတ် ၈၈၀ ဘီလီယံ) ရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

ထို့ပြင် ထိုင်းနိုင်ငံသည် ယခုနှစ်နောက်ဆုံးသုံးလပတ်အတွင်း တစ်လလျှင် ခရီးသွား ၁ ဒသမ ၅ သန်းရောက်ရှိရန် မျှော်လင့်လျက်ရှိကြောင်းနှင့် ယခုလအတွင်း လက်ရှိအချိန်အထိ ခရီးသွားတစ်သန်းကျော်ထိ ရောက်ရှိခဲ့ကြောင်း အာနူချာ ဘူရာပါချိုင်စရီက ပြောကြားသည်။

ထိုင်းနိုင်ငံသည် ယခုနှစ်အတွင်း ခရီးသွားစုစုပေါင်း ၁၀ သန်းကျော် ရောက်ရှိရန် ရည်ရွယ်ထားကြောင်းလည်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ နှစ်ဘီလီယံကျော် ထိုးနှံပြီး

**နယူးဒေလီ စက်တင်ဘာ ၁၉**

အိန္ဒိယနိုင်ငံ၌ စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းအထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ နှစ်ဘီလီယံကျော် ထိုးနှံပေးပြီးဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ ပြည်သူ ၈၉၁ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရခြင်း ရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီးဖြစ်ကြောင်း နှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၈၅၈ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၄၅၃၈၀၄၆ ဦးရှိလာကြောင်း သိရသည်။

လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၈ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါစတင်တွေ့ရှိသည့် ၂၀၂၀ ပြည့်နှစ် နှစ်စပိုင်းမှစတင်ကာ အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၈၃၅၅ ဦး ရှိလာကြောင်း သိရသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာပေါင်း ၄၈၀၂၇ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၄၇၃၅ ဦးရှိခြင်းကြောင့် အဆိုပါရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၃၉၆၂၆၆၄ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**




# အမေရိကန်နှင့် အကျဉ်းသားလဲလှယ်ရန် အီရန်အသင့်ရှိနေ

**တီဟီရန် စက်တင်ဘာ ၁၉**

အီရန်နိုင်ငံသည် အမေရိကန်နိုင်ငံနှင့် အကျဉ်းသားလဲလှယ်မှုပြုလုပ်ရန် အသင့်ရှိနေကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နက်ဆာကာအာနီက ပြောကြားသည်။

အကျဉ်းသားလဲလှယ်ရေးကိစ္စနှင့် စပ်လျဉ်း၍ နည်းလမ်းအမျိုးမျိုးဖြင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း၊ အီရန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အနေဖြင့် လိုအပ်သည့် သဘောတူညီချက်များကိုလည်း ပြုလုပ်ထားပြီးဖြစ်ကြောင်းနှင့် လက်ရှိအချိန်သည် အဆိုပါအကျဉ်းသားလဲလှယ်ရေးကိစ္စအား သဘောတူညီမည်လား သို့မဟုတ် သဘောတူညီမှုမရှိဘဲနေမည်လား ဆိုသည်နှင့် စပ်လျဉ်း၍ အမေရိကန်နိုင်ငံအနေဖြင့် ဆုံးဖြတ်ရမည့်အချိန်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နက်ဆာကာအာနီက ပြောကြားသည်။

အီရန်နှင့် အမေရိကန်တို့၏ အကျဉ်းသားလဲလှယ်ရေးကိစ္စသည် ၂၀၁၅ ခုနှစ် နျူကလီးယားစာချုပ် ပြန်လည်အသက်ဝင်ရေးရည်ရွယ်သည့် ဆွေးနွေးပွဲများ ပြီးမြောက်ရေးနှင့် မသက်ဆိုင်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နက်ဆာကာအာနီက ပြောကြားသည်။

အမေရိကန်နိုင်ငံနှင့် အကျဉ်းသားလဲလှယ်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဩစတြီးယားနိုင်ငံ၏မြို့တော် ဗီယင်နာ၌ ကျင်းပခဲ့သည့် နျူကလီးယားဆွေးနွေးပွဲများ ပြင်ပတွင် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်းလည်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆက်လက်ပြောကြားသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**

# မလေးရှားနိုင်ငံ၏ ဩဂုတ်လအတွင်း မော်တော်ယာဉ်ရောင်းချရမှု ၃၆ ရာခိုင်နှုန်းမြင့်တက်

**ကွာလာလမ်ပူ စက်တင်ဘာ ၁၉**

မလေးရှားနိုင်ငံ၏ မော်တော်ယာဉ်ရောင်းချရမှုသည် ဩဂုတ်လအတွင်း အစီးရေ ၆၆၆၁၄ စီးအထိရှိခဲ့ခြင်းကြောင့် လစဉ်မော်တော်ယာဉ်ရောင်းချရမှုမှာ ၃၆ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း မလေးရှားမော်တော်ကားအသင်း (အမ်အေအေ)က စက်တင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။




လွန်ခဲ့သည့်နှစ် ဩဂုတ်လအတွင်း မလေးရှားနိုင်ငံ၏ မော်တော်ယာဉ်ရောင်းချရမှုသည် အစီးရေ ၁၇၉၂၃ စီးရှိကြောင်းနှင့် ယခုနှစ်ဩဂုတ်လတွင် အစီးရေ ၆၉၃၇၈ စီးအထိ ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

နှစ်အလိုက် မလေးရှားနိုင်ငံ၏ မော်တော်ယာဉ် ရောင်းချရမှုသည် ပြီးခဲ့သည့်နှစ်က အစီးရေ ၂၇၄၆၀၀ ရောင်းချနိုင်ခဲ့ရာမှ ယခုနှစ်တွင် ၄၄၇၂၀၉ စီးရောင်းချနိုင်ခဲ့ခြင်းကြောင့် ၆၂ ဒသမ ၈၆ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၄၀၇ ဦး ထပ်မံတွေ့ရှိ



**ဆိုးလ် စက်တင်ဘာ ၁၉**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၄၀၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၄၄၁၃၈၇၃ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ယနေ့ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၂၈၉ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၇၈၆၇ ဦးရှိလာကြောင်းတောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ အရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း၏ သုည ဒသမ ၁၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

■

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၉**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**မျက်ကွယ်ပြု**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ဇေယျာကွက်သစ်ရပ်ကွက်နေ တင်ဇာကျော်သည် ၎င်းအသုံးပြုသည့် "Tin Zar Kyaw" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင်သစ်မျိုးစုံ၊ တီရှတ်အနာ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **စက်တင်ဘာ ၁၇ ရက်တွင်** အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမှ ရန်ကုန်သို့ ထွက်ခွာလာသော ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော တီရှတ်အနာများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၉၀၀၀၀ )နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel အမျိုးအစား ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၈၉၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ်အတွင်း သိမ်းဆည်းရမိမှု။

**အရေးယူဆောင်ရွက်**

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ ဦးဆောင်သော အကောက်ခွန်အဖွဲ့က တာချီလိတ်မြို့နယ် တာလေ- ပါလျှိုး- ကျိုင်းလပ် လမ်းကြောင်းတစ်လျှောက် ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပါလျှိုးရွာအနီး ခမ်းကွန်းဈေးတွင် အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **စက်တင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင်** ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၂၄ ဒသမ ၉၇၅၀ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၄၁၉၉၄)**ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် **စက်တင်ဘာ ၁၉ ရက်တွင်** ကရင်ပြည်နယ် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် လျှပ်စစ်ထမင်းပေါင်းအိုးများ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ **အမှုတွဲ ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၈၁၁၉၉၄)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၁၉**

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ "မော်လမြိုင်မြို့မှ လူနာပို့ဆောင်ပြီး ရေးမြို့သို့ပြန်လာသည့် လူမှုကူညီရေးယာဉ်တစ်စီးအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့"ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီထွင် "အမှားကိုမြင် အမှန်ကိုသိပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ သို့မဟုတ် အမြင်မှန်ရလာကြသောလူငယ်များ" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကိုလျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက် နံနက် ၇ နာရီက အထက(၁) သာယာဝတီကျောင်းဝင်းအတွင်း သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှ ယာယီဒုတိယရဲမှူးကြီးဉာဏ ဦးဆောင်ပြီး မြို့နယ်ရဲမှူးခင်စိုးလွင်နှင့် တပ်ဖွဲ့ဝင် ၂၅ ဦးတို့က ကျောင်းဝင်း အတွင်း/အပြင် သန့်ရှင်းသာယာလှပရေးအတွက် တံမြက်စည်းလှည်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြစဉ်။

**ခရိုင်(ပြန်/ဆက်)**

## ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၌ ငွေကျပ်သိန်း ၆၆၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၄၄ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်၌ ငွေကျပ်သိန်း ၆၆၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၄၄ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**စစ်ဆေးဖော်ထုတ်**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် သီပေါ-နမ့်လန်သွား ကားလမ်း ခိုလုံကျေးရွာ (၉)မိုင်လမ်းခွဲတွင် ဖော်လတ်(ခ) အသေးလေး



ဖော်လတ်(ခ)အသေးလေးနှင့် ချမ်းသာတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

မောင်းနှင်လာသည့် ယာဉ်အား သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၆၆၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၄၄ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဘိန်းဖြူများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ချမ်းသာအား နောင်ချိုမြို့တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေး ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူများအား ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ မန္တလေးတိုင်း ဒေသကြီးသို့ သယ်ဆောင်ခြင်း ဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ပူနွေးကမ္ဘာ တားဆီးရာဖြေရှာတစ်ခု တောပြုစု။

# ဒေသခံပြည်သူများအနေနဲ့ ကားနဲ့သွားလာရတာထက် မီးရထားနဲ့သွားလာရတာက ပိုပြီးသက်သောင့်သက်သာရှိတဲ့အပြင် ကုန်ကျစရိတ်ချိုသာပြီး ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်ထိရောက်တဲ့ အကျိုးကျေးဇူးတွေကို ရရှိစေမှာဖြစ်ပါတယ်

ဦးရဲမင်း

တွေ့ဆုံမေးမြန်းသူ - မျိုးမင်းထွန်း(ဦးစီးအရာရှိ)
ဓာတ်ပုံ - လက်ပံတန်း(ပြန်/ဆက်)

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမြန်မာ့မီးရထားတိုင်း(၆)က လက်ပံတန်း-သာရဝေါ ၁၉၅ အဆန် လော်ကယ်ရထားနှင့် ၁၉၆ အစုန် လော်ကယ်ရထားများစက်တင်ဘာ ၁၆ ရက်မှစတင်၍ ပြန်လည်ပြေးဆွဲမှုအပေါ် ပြည်သူတို့၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ရပါသည်-



ဦးရဲမင်း



ဒေါ်မြမြငွေး



ဦးတင်မောင်



ဒေါ်တင်တင်စန်း

**ဦးရဲမင်း**
**ရုံပိုင်ကြီး(အထူးတန်း) လက်ပံတန်းဘူတာ**

**မေး။** မြန်မာ့မီးရထားတိုင်း(၆)အနေနဲ့ လက်ပံတန်း-သာရဝေါ လော်ကယ်ရထားပြေးဆွဲမှုနှင့်ပတ်သက်ပြီးပြောပေးပါခင်ဗျ။

**ဖြေ။** ဒေသခံပြည်သူများရဲ့ သွားလာရေးအခက်အခဲဖြစ်နေတာကြောင့် ရထားပြန်လည်ပြေးဆွဲပေးဖို့ တောင်းဆိုခဲ့တာကြောင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လမ်းညွှန်ချက်နဲ့ ရထားပြန်လည်ပြေးဆွဲရန် စီစဉ်ခဲ့ပါတယ်။ ဇူလိုင် ၂၂ ရက်နေ့တွင် ဒေသပြည်သူများနဲ့ တိုင်းအရာရှိကြီးများတွေ့ဆုံပြီးရထားပြန်လည်ပြေးဆွဲနိုင်ရေးဆွေးနွေးဆောင်ရွက်ခဲ့ကြပါတယ်။

**မေး။** လော်ကယ်ရထား ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရပုံများကိုပြောပြပေးပါဦးခင်ဗျာ။

**ဖြေ။** လော်ကယ်ရထားပြန်လည်ပြေးဆွဲနိုင်ရေးအတွက် လက်ပံတန်း-သာရဝေါလမ်းပိုင်းတစ်လျှောက်ရှိ ရထားလမ်းဘေးချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်း၊ အန္တရာယ်ရှိသောသစ်ပင်များရှင်းလင်းခြင်း၊ ဇလီဖားတုံးများလဲလှယ်ခြင်း၊ တံတားများပြန်လည်ပြုပြင်စိစစ်ခြင်း၊ ရထားတွဲဆိုင်းနဲ့ စက်ခေါင်းများစိစစ်ပြင်ဆင်ခြင်းလုပ်ငန်းတွေဆောင်ရွက်ခဲ့ပါတယ်။

**မေး။** လက်ပံတန်း-သာရဝေါ လမ်းပိုင်းပြေးဆွဲမယ့် ခရီးစဉ်အစီအစဉ်လေး ပြောပြပေးပါဦးခင်ဗျ။

**ဖြေ။** လက်ပံတန်း-သာရဝေါ လော်ကယ်ရထားကို စက်တင်ဘာ ၁၆ ရက်နေ့က စတင်ပြေးဆွဲခဲ့ပါတယ်။ အမှတ် ၁၉၆ အစုန်ခရီးစဉ်အဖြစ် သာရဝေါဘူတာမှ နံနက် ၆ နာရီမှာ စတင်ထွက်ခွာပြီးလက်ပံတန်းဘူတာကို နံနက် ၈ နာရီခွဲတွင် ရောက်ရှိပါတယ်။ အမှတ် ၁၉၅ အဆန်ခရီးစဉ်အဖြစ် မွန်းလွဲ ၂ နာရီခွဲမှာ လက်ပံတန်းဘူတာမှ ထွက်ခွာပြီး သာရဝေါဘူတာသို့ ညနေ ၅နာရီမှာ ပြန်လည်ရောက်ရှိ ညအိပ်ရပ်နားမှာဖြစ်ပါတယ်။ တစ်ပတ်ကို တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့တို့တွင် ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်။ လမ်းခရီးဘူတာများအနေနဲ့ ညောင်ဝိုင်း၊ ကျောက်အိုင်၊ စည်ပင်သာယာ၊ ခမုံဆိပ်၊ မြစ်မခ၊ သံဖြူရုံ၊ ကညင်တို၊ ဇီးဖြူကုန်း၊ ဇီးဖြူကုန်းရွာမဘူတာများကို ထွက်ခွာပြေးဆွဲပေးသွားမှာဖြစ်ပါတယ်။ လော်ကယ်ရထားကို စက်ခေါင်းအမှတ်၊ DF-1631၊ ရိုးရိုးတန်း လေးတွဲ၊ ကုန်တွဲ တစ်တွဲနှင့် ဘရိတ်တွဲ တစ်တွဲတို့နဲ့ ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်။ လက်ပံတန်း-သာရဝေါ ရထားလက်မှတ်ခနှုန်းထားအနေနဲ့ကတော့ ခရီးသည်တစ်ဦးကို ရိုးရိုးတန်းလက်မှတ်ခ ၂၀၀၀ ကျပ် ကျသင့်မှာဖြစ်ပါတယ်။

**မေး။** လက်ပံတန်း-သာရဝေါ လော်ကယ်ရထားခရီးစဉ်ပြေးဆွဲပေးမှုကြောင့် ဒေသခံပြည်သူများအတွက် အကျိုးသက်ရောက်မှုကို ပြောပြပေးပါဦးခင်ဗျ။

**ဖြေ။** လက်ပံတန်း-သာရဝေါ မီးရထားခရီးလမ်းမိုင်က ၂၃ ဒသမ ၅ မိုင်ဝေးပါတယ်။ ဒေသခံပြည်သူများအနေနဲ့ ကားနဲ့သွားလာရတာထက် မီးရထားနဲ့သွားလာရတာက သက်သောင့်သက်သာရှိတဲ့အပြင် ကုန်ကျစရိတ်ချိုသာပြီး ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်ထိရောက်တဲ့ အကျိုးကျေးဇူးတွေကို ရရှိစေမှာဖြစ်ပါတယ်။




**ခရီးသည်တစ်ဦး(ဇီးဖြူကုန်းရွာမ)**

ဒီဒေသက ရထားကို အားပြုသွားလာရတာဖြစ်တဲ့အတွက် ခုလိုပြေးဆွဲပေးတာကို ဝမ်းသာပါတယ်။ ရထားစီးရတာ တွဲဆိုင်းတွေက သန့်ရှင်းပြီး လေဝင်လေထွက်ကောင်းမွန်တဲ့အတွက် သက်သောင့်သက်သာရှိတယ်။ လုံခြုံမှုလည်းရှိပါတယ်။ ရထားခရီးစဉ် အချိန်ဇယားနဲ့ လက်မှတ်ခနှုန်းထားတွေကို ဘူတာတိုင်းမှာ အများမြင်သာအောင် ကြော်ငြာပေးစေလိုပါတယ်။ နေ့စဉ်ပြေးဆွဲပေးဖို့နဲ့ ဝင်ငွေတိုးတက်ရရှိရေး သက်ဆိုင်ရာ ဝန်ထမ်းများက စနစ်တကျ ကြိုးကြပ်ဆောင်ရွက်ပေးဖို့ အကြံပြုလိုပါတယ်။

**ဒေါ်မြမြငွေး(ခမုံဆိပ်)**

ကျွန်မတို့က ရထားကို မျှော်နေတာပါ။ ရထားမထွက်တဲ့အခါ တစ်ကွေ့တစ်ပတ် အဝေးကြီးကနေလာရတာ ကားနဲ့ဆိုရင် လမ်းစရိတ်က ငါးထောင်ပေးရတယ်။ ဆိုင်ကယ်ကယ်ရီနဲ့ဆိုရင် တစ်သောင်းနှစ်ထောင်ပေးရတယ်။ ခမုံဆိပ်ကနေ လက်ပံတန်းကိုရောက်ဖို့ပေါ့။ ဒီရထားထွက်တဲ့အခါကျတော့ အဆင်ပြေပါတယ်။ လူလည်းသက်သောင့်သက်သာရှိပါတယ်။

**ဦးတင်မောင်(အုတ်ဖို)**

ခမုံဆိပ်ကို သွားမလို့ပါ။ ဆိုင်ကယ်တို့ ကားတို့နဲ့သွားရင် ကြာလည်းကြာတယ်။ စရိတ်လည်းပိုကုန်ပါတယ်။ ဒီရထားဆွဲပေးတော့ စီးရတာလုံခြုံမှုလည်းရှိတယ်။ မိုးလုံလေလုံနဲ့ သက်သောင့်သက်သာလည်းရှိတယ်။ ကုန်ကျစရိတ်လည်းသက်သာပါတယ်။ ရထားပြေးဆွဲပေးတဲ့ မြန်မာ့မီးရထားကိုလည်း ကျေးဇူးတင်ပါတယ်။

**ဒေါ်တင်တင်စန်း(ခမုံဆိပ်)**

အရင်တုန်းက ရထားမထွက်တော့ ကားနဲ့သွားရလာရတာ ခရီးစရိတ်လည်းပိုကုန်ပြီး လူလည်းပင်ပန်းပါတယ်၊ ခုလိုရထားထွက်ပေးတော့ ကုန်စည်သယ်ဆောင်ရတာ လွယ်ကူမြန်ဆန်ပြီး အစစအရာရာ အဆင်ပြေပါတယ်။

■

## သနပ်ပင်မြို့နယ်၌ မိုးစပါးမျိုးစေ့ထုတ် တောင်သူများအား မြေဩဇာထောက်ပံ့ပေးအပ်

သနပ်ပင် စက်တင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ် တိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးပေးသည့် မြေဩဇာများ ထောက်ပံ့ဖြန့်ဖြူးပေးခြင်းနှင့် ဆောင်းသီးနှံ(နေကြာ) စိုက်တောင်သူများအား မျိုးစေ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်က အဖွင့်အမှာစကားပြောကြားပြီး သနပ်ပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြူကြူမြင့်က မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား မြေဩဇာများပေးအပ်ရခြင်းနှင့် အသုံးပြုပုံ နည်းစနစ်များ၊ သီးနှံပိုမိုအထွက်တိုးလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်နှင့် တာဝန်ရှိသူတို့က မိုးစပါးမျိုးစေ့ထုတ် တောင်သူများအား မြေဩဇာများနှင့် ဆောင်းသီးနှံစိုက်တောင်သူများအား နေကြာမျိုးစေ့များ ပေးအပ်ဖြန့်ဖြူးခဲ့ကြောင်းသိရသည်။

လှမိုး(ပြန်/ဆက်)



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၇၀ | ၂၂၁၅ | ၂၂၁၀ | ၂၁၇၅ | ၂၂၁၅ | ၂၂၃၅ | ၂၂၂၀ | ၂၂၀၀ | ၂၂၉၅ | ၂၃၁၀ | ၂၂၀၅ | ၂၂၁၅ | ၂၂၅၀ | ၂၂၅၀ | ၂၂၅၅ | ၂၄၇၀ | ၃၀၅၅ |
| 95 Ron | ၂၂၆၀ | ၂၃၀၅ | ၂၃၀၅ | ၂၂၆၅ | ၂၃၀၅ | ၂၃၂၅ | ၂၃၁၀ | ၂၂၉၀ | ၂၃၈၅ | ၂၄၀၀ | ၂၂၉၅ | ၂၃၁၀ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၅ | ၂၅၆၀ | ၃၁၂၀ |
| HSD (500 ppm) | ၂၅၈၅ | ၂၆၃၀ | ၂၆၃၀ | ၂၅၉၅ | ၂၆၃၀ | ၂၆၅၅ | ၂၆၅၀ | ၂၆၁၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၂၅ | ၂၆၃၅ | ၂၆၆၅ | ၂၆၇၀ | ၂၆၇၀ | ၂၈၉၀ | ၃၇၈၀ |
| HSD (50 ppm) | ၂၆၇၀ | ၂၇၁၅ | ၂၇၁၅ | ၂၆၈၀ | ၂၇၁၅ | ၂၇၄၀ | ၂၇၃၅ | ၂၇၀၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၁၀ | ၂၇၂၀ | ၂၇၅၀ | ၂၇၅၅ | ၂၇၅၅ | ၂၉၇၅ | ၃၈၁၀ |
| HSD (10 ppm) | ၂၆၇၀ | ၂၇၁၅ | ၂၇၁၅ | ၂၆၈၀ | ၂၇၁၅ | ၂၇၄၀ | ၂၇၃၅ | ၂၇၀၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၁၀ | ၂၇၂၀ | ၂၇၅၀ | ၂၇၅၅ | ၂၇၅၅ | ၂၉၇၅ | ၃၈၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၆ | ၂၁၄၁ |
| 95 Ron | ၂၁၅၂ | ၂၂၂၉ |
| HSD (500 ppm) | ၂၄၇၂ | ၂၅၅၁ |
| HSD (50 ppm) | ၂၅၅၃ | ၂၆၃၃ |
| HSD (10 ppm) | ၂၅၅၃ | ၂၆၃၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၉**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့်ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဇောတိကာရုံကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ရွှေတောင်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓမ္မနန္ဒီကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အောင်မြေဗောဓိဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ရွှေဘုန်းရိပ်စာသင်တိုက်၊ ရွှေပြည်သာမြို့နယ်ရှိ လိုတရဟာသံ်ာတကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ရွှေတောင်ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ခေမာရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ဣစ္ဆာသယကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာကိုးဆူကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ တန်ခိုးပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ညောင်တုန်းကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အေးမြဂရုဏာကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ဓမ္မရတနာ ကျောင်းတိုက်များသို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။



သတင်းစဉ်



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့နယ် သီးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း၌ စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် အမြန်လမ်းမကြီးရဲတပ်ဖွဲ့(မိတ္ထီလာမြို့နယ်) သီးကုန်းအမြန်လမ်းမကြီး ရဲစခန်းမှ စခန်းမှူး ဒုရဲမှူးသီဟဂျမ်း ဦးဆောင်သော တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

၂၂၂



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၈ ရက် နံနက် ၇ နာရီက မော်လမြိုင်ကျွန်းမြို့ရဲတပ်ဖွဲ့မှ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဇော်၊ မော်လမြိုင်ကျွန်းမြို့မရဲစခန်းမှူးဒုတိယရဲမှူးတင်ထွဋ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်မိသားစုများစုပေါင်း၍ မော်လမြိုင်ကျွန်းမြို့ ဘုရားကြီးတိုက်ကျောင်းဝင်းနှင့် ပြည်လုံးချမ်းသာဆုတောင်းပြည့်ဘုရားကြီးပတ်ဝန်းကျင်တို့တွင် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ မော်ကျွန်းမြင့်အောင်

## ဒေးဒရဲမြို့၌ ငါးများ ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချပေး

**ဒေးဒရဲ စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၌ ယနေ့ နံနက် ၇ နာရီတွင် ပြည်သူများ၏ စားရေရိက္ခာအထောက်အကူပြု ငါးစားသုံးမှု အဆင်ပြေစေရေးအတွက် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ရောင်းချပေး**

ကုန်စည်ဈေးနှုန်းများ မြင့်မားနေချိန်တွင် ပြည်သူများ စားသောက်ကုန်ဝယ်ယူအသုံးပြုမှု အဆင်ပြေစေရန်အတွက် ဒေးဒရဲမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် ငါးမွေးကန်ပိုင်ရှင်များပူးပေါင်း၍ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ငါးမြစ်ချင်း ၄၀ ကျပ်သားခန့် တစ်ကောင်လျှင် ၁၀၀၀ ကျပ်နှုန်းဖြင့် စုစုပေါင်း ငါးပိဿာချိန် ၂၀၀ ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်နှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးသိန်းဟန်တို့က အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

၂၀၇

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် စက်တင်ဘာ ၁၉

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်နှင့် ရန်ကင်းမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၆၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၁၀၁ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၃၈၂ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၁၄၅၇၁ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၃၄ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။



အုတ်တွင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၅၉၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၆၇၁ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၁၃၅၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နှင့် ဘုတ်ပြင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်များအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့နယ် လေးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် လေးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တို့မှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများ၌ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင် သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ ပေးဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကြံခင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရန် နှာခေါင်းစည်းတပ်ဆင်ရေး စည်းရုံးလှုံ့ဆော်မှု ပြုလုပ်

ကြံခင်း စက်တင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နေပြည်သူများ ဗီဇပြောင်းကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်ထိန်းချုပ်နိုင်ရန် နှာခေါင်းစည်းတပ်ဆင်ရေး စည်းရုံးလှုံ့ဆော်မှုပြုလုပ်ခြင်းကို ယနေ့ နံနက် ၈ နာရီတွင် လမ်းမတော်လမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့် လူစည်ကားရာနေရာများ၌ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ နှာခေါင်းစည်းတပ်ဆင်ရေးစည်းရုံးလှုံ့ဆော်မှု ပြုလုပ်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အခြားဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လိုက်နာကြရန်၊ ပြည်သူများအိမ်အပြင်ထွက်ပါက မဖြစ်မနေ နှာခေါင်းစည်းတပ်ဆင်သွားလာကြရန် အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မိုင်းရယ်မြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေး

မိုင်းရယ် စက်တင်ဘာ ၁၉

မိုင်းရယ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဟိုယတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးသည့် အသက်(၁၂)နှစ်မှ (၁၈)နှစ်ကြားရှိ ကျောင်းသား ကျောင်းသူများအား ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျောင်းစုဝေးခန်းမ၌ ပြုလုပ်သည်။

ထိုသို့ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မိုင်းရယ်(ပြန်/ဆက်)**



## အီးအမ်ဘိုကာရှီမြေဆွေးပြုလုပ်သုံးစွဲရေးနှင့် နေကြာသီးနှံ အထွက်နှုန်းတိုးတက်ရေး နည်းပညာပေးသင်တန်းဖွင့်လှစ်

အင်းတော် စက်တင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ယနေ့နံနက် ၉ နာရီခွဲတွင် အီးအမ်ဘိုကာရှီမြေဆွေး ပြုလုပ်သုံးစွဲရေးနှင့် နေကြာသီးနှံအထွက်နှုန်းတိုးတက်ရေးနည်းပညာ ပေးသင်တန်းဖွင့်လှစ်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် အင်းတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဦးစီးမှူး ဒေါ်ချစ်စုစိုးသန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူ ၂၅ ဦးတို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားတွင် အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က တောင်သူများအား မြေသြဇာများ ဈေးနှုန်းမြင့်မားစွာ ဝယ်ယူသုံးစွဲရမည့်အစား သဘာဝမြေဆွေးများပြုလုပ်သုံးစွဲတတ်စေရန်နှင့် နေကြာသီးနှံအထွက်နှုန်းများ တိုးတက်စေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **အေးမြသက်ထား**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

## ရွှေဘိုမြို့နယ်၌ တောင်သူများအား ယူရီးယားဓာတ်မြေသြဇာ ဈေးနှုန်းချိုသာစွာရောင်းချ

ရွှေဘို စက်တင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ရှင်ယွန်းစံခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့် တောင်သူများအား ယူရီးယားဓာတ်မြေသြဇာဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်း အခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဆွေက အဖွင့်အမှာစကားပြောကြားခဲ့ပြီး လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ဓာတ်မြေသြဇာ စနစ်တကျ အကျိုးရှိစွာသုံးစွဲနည်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ရွှေဘိုမြို့နယ်အတွင်း ယူရီးယားဓာတ်မြေသြဇာများကို မိုးစပါးစိုက်တောင်သူများ၊ မျိုးစေ့ထုတ်တောင်သူများ၊ စံပြကွက်စမ်းသပ်ကွက်များစိုက်ပျိုးသည့် တောင်သူများ၊ နေကြာသီးနှံများစိုက်ပျိုးသည့် တောင်သူများနှင့် ဝါသီးနှံစိုက်ပျိုးသည့် တောင်သူများအား ယူရီးယားဓာတ်မြေသြဇာများကို ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း၊ ရွှေဘိုမြို့နယ်တွင် စက်တင်ဘာလ ခွဲတမ်းအဖြစ် ပထမအကြိမ် ယူရီးယားအိတ် ပေါင်း ၁၆၀၀ ကိုလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် အိတ် ၁၈၀၀ ကို လည်းကောင်း တောင်သူများအား ရောင်းချပေးခဲ့ကြောင်း ပြောသည်။



အခမ်းအနားသို့ မိုးစပါးတင်း ၁၀၀ အထက် ထွက်ရှိရေး စံပြကွက်စိုက်ပျိုးသည့် ချီပါကျေးရွာအုပ်စု တောင်သူ ၂၇ ဦးနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော တောင်သူများအား ယူရီးယားဓာတ်မြေသြဇာအိတ် ၁၀၀ ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောသည်။

**နန်းထွန်းမေ**

## အင်္ဂပူမြို့နယ်အတွင်းရှိ ပြည်သူများအား အခြေခံစားသုံးကုန်စည်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

အင်္ဂပူ စက်တင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ ကုန်စည်ဈေးနှုန်းများ မြင့်တက်နေမှုကို ထိန်းချုပ်နိုင်ရေးအတွက် ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပူးပေါင်းပြီး ယနေ့နံနက်ပိုင်းတွင် အင်္ဂပူမြို့ မြို့မဈေး၌ ပြည်သူများအား အခြေခံစားသုံးကုန်စည်များ ရောင်းချပေးခဲ့သည်။

အဆိုပါစားသုံးကုန်များရောင်းချရာသို့ အင်္ဂပူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးနေမျိုးလင်းတို့က ဈေးရောင်း၊ ဈေးဝယ်မှုများအား ကြည့်ရှုအားပေးခဲ့ပြီး ရောင်းချရာတွင် ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၅၀၀ ဖြင့် ဆန် ၁၀ အိတ်၊ ကြက်ဥသုံးလုံး ငွေကျပ် ၅၀၀ နှုန်းဖြင့် ကြက်ဥအလုံး ၁၀၀၀၊ စားသုံးဆီ ၁၁၆ ပိဿာ၊ ဟင်းသီးဟင်းရွက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။ **မန်းကျော်(ပြန်/ဆက်)**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၂၄၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၆၉ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၉-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၀,၂၄၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၆၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၆၃) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၉၃၄,၇၄၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၉,၁၆၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၃၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၅,၆၂၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူ (၂) ဦး ရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၄၈) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၇-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၀) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိဘဲ (၁၅.၉) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး (၁) ကြိမ်ထိုးနှံထားပြီး (၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားရှိ၍ (၀.၁) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ | | | |
|---|---|---|---|
| ၈၀ ရာခိုင်နှုန်းသည် | ၁၅.၉ ရာခိုင်နှုန်းသည် | ၄ ရာခိုင်နှုန်းသည် | ၀.၁ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး (၁) ကြိမ် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၇-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၄.၁) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၄.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားရှိသူများဖြစ်ကာ (၁.၅) ရာခိုင်နှုန်းမှာ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ | | |
|---|---|---|
| ၈၄.၁ ရာခိုင်နှုန်းသည် | ၁၄.၄ ရာခိုင်နှုန်းသည် | ၁.၅ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/ သေဆုံးမှုတို့ကို လေ့လာသုံးသပ်ချက်အရ ကာကွယ်ဆေးထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းဖြင့်လည်း ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၇၅၀၉၄၃၆ | ၉၃၆၉၈၈၇၂ | ၁၀၇၈၆၆၃ |
| ၂။ | အိန္ဒိယ | ၄၄၅၃၉၀၄၆ | ၄၃၉၆၂၆၆၄ | ၅၂၈၃၅၅ |
| ၃။ | ပြင်သစ် | ၃၄၉၁၆၃၈၄ | ၃၄၃၂၇၉၃၁ | ၁၅၄၆၇၂ |
| ၄။ | ဘရာဇီး | ၃၄၆၂၉၇၅၉ | ၃၃၇၀၆၂၃၁ | ၆၈၅၄၂၂ |
| ၅။ | ဂျာမနီ | ၃၂၆၈၀၃၅၅ | ၃၁၉၄၉၂၀၀ | ၁၄၈၉၃၃ |
| ၆။ | တောင်ကိုရီးယား | ၂၄၄၁၃၈၇၃ | ၂၃၃၀၀၀၆၉ | ၂၇၈၆၇ |
| ၇။ | ဗြိတိန် | ၂၃၅၈၅၃၀၅ | ၂၃၃၀၃၀၅၆ | ၁၈၉၄၈၄ |
| ၈။ | အီတလီ | ၂၂၁၆၁၀၁၆ | ၂၁၅၅၆၃၈၄ | ၁၇၆၅၇၈ |
| ၉။ | ဂျပန် | ၂၀၆၉၉၄၆၇ | ၁၉၇၈၈၆၀၈ | ၄၃၇၅၄ |
| ၁၀။ | ရုရှား | ၂၀၄၈၈၅၈၃ | ၁၉၄၂၅၆၃၁ | ၃၈၆၁၃၆ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၆၀၂၂၇ | ၁၀၅၇၉၅၈၈ | ၄၃၁၄၁ |
| ၂။ | အင်ဒိုနီးရှား | ၆၄၁၀၄၂၆ | ၆၂၂၆၄၄၆ | ၁၅၇၉၁၅ |
| ၃။ | မလေးရှား | ၄၈၁၄၈၉၀ | ၄၇၅၆၉၆၇ | ၃၆၃၁၂ |
| ၄။ | ထိုင်း | ၄၆၇၃၆၂၉ | ၄၆၃၂၆၄၀ | ၃၂၆၄၃ |
| ၅။ | ဖိလစ်ပိုင် | ၃၉၂၃၇၂၇ | ၃၈၃၃၄၅၄ | ၆၂၅၈၇ |
| ၆။ | စင်ကာပူ | ၁၈၇၅၂၇၅ | ၁၇၉၇၆၈၂ | ၁၆၀၇ |
| ၇။ | မြန်မာ | ၆၁၉၁၆၇ | ၅၉၅၆၂၁ | ၁၉၄၄၈ |
| ၈။ | ဘရူနိုင်း | ၂၂၄၆၁၀ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၅၄၄၈ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၇၇၁ | ၁၃၄၆၅၉ | ၃၀၅၆ |

## ပြည်သူများ ငါးစားသုံးမှု အဆင်ပြေစေရေး ငါးများဈေးနှုန်းသက်သာစွာ ရောင်းချပေး

**ဝါးခယ်မ စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ ယမန်နေ့နံနက် ၉ နာရီတွင် ပြည်သူများ ငါးစားသုံးမှုအဆင်ပြေစေရေးအတွက် ငါးများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ပြည်သူများ စားဝတ်နေရေး ခက်ခဲကျပ်တည်းနေချိန်တွင် စားသောက်သုံးစွဲမှုများ အဆင်ပြေစေရန်အတွက် ဝါးခယ်မမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် ငါးမွေးကန်ပိုင်ရှင် ဒေါ်နှင်းနှင်းအေးတို့ပူးပေါင်း၍ ဝါးခယ်မမြို့နယ် မြစ်ကလေး ကျေးရွာအတွင်းရှိ ဒေသခံပြည်သူ ၅၀အား ငါးမြစ်ချင်း ပိဿာ ၃၀ တစ်ပိဿာ ငွေကျပ် ၃၀၀၀ နှုန်း၊ ငါးတန် ပိဿာ ၃၀ တစ်ပိဿာ ငွေကျပ် ၃၀၀၀ နှုန်း၊ ငါးခေါင်းပွ ၂၅ ပိဿာ တစ်ပိဿာ ငွေကျပ် ၃၅၀၀ နှုန်း၊ မြက်စားငါးကြင်း ပိဿာ၂၀ တစ်ပိဿာ ငွေကျပ် ၄၀၀၀ နှုန်း၊ တီလားဗီးယား ပိဿာ ၄၀ တစ်ပိဿာ ငွေကျပ် ၂၀၀၀နှုန်းနှင့် ထိုင်ဝမ်ငါးခုံးမကြီး ၁၅ ပိဿာ တစ်ပိဿာ ငွေကျပ် ၂၀၀၀ နှုန်း စုစုပေါင်းငါးပိဿာချိန် ၁၆၀ ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

ကိုဘခက်သည် 'မ' ကိုသာ ငေး၍ ကြည့်နေမိသည်။ အမှန်တော့ 'မ' သည် သူ့လိုပင် အပေါ်ယံလူ့အဖွဲ့အစည်းကြား မှ တစ်ညတာအားဖြင့် ထွက်ပြေးလာခဲ့သူ ဖြစ်သည်။

ထို့ကြောင့်လည်း ကိုဘခက်သည် 'မ' ကို ပိုမိုလေးစားမိသည်။ 'မ' ၏ စိတ်ထားကို မြတ်နိုးမိသည်။ ကိုဘခက် သည် 'မ' ပြေးဝင်သွားသောအိမ်ကြီးကို အတန်ကြာမျှ မော့ကြည့်နေမိသည်။

သို့ကြည့်နေရင်းမှ သည်အိမ်ကြီး အတွင်း အိပ်မက်လို ရောက်လာပုံများ ကို ပြန်၍တွေးမိသည်။

ဦးကျော်ဒင်သည် သူ၏ကျေးဇူးရှင် ဖြစ်သည်။ 'မ' သည် သူ၏တပည့်မ ဖြစ်သည်။ အမှန်တော့ သည်အိမ်ကြီး အတွင်းတွင် ကိုဘခက်သည် ဦးကျော် ဒင်နှင့် 'မ' ကို အထူးသဖြင့် ခင်မင် လေးစားမိသည်။ ဦးကျော်ဒင်သည် ရိုးသားသည်။ ပွင့်လင်းသည်။ သူ့ဘဝ ကိုသူ အပြစ်ကင်းကင်းဖြင့် ပျော်အောင် နေတတ်သူဖြစ်သည်။ 'မ' သည် သိမ်မွေ့သော မိန်းကလေးတစ်ဦး ဖြစ် သည်။

သည်းခံနိုင်စွမ်းရှိသည့် အတွင်း စိတ်ဓာတ် မာကျောသူတစ်ဦးဖြစ်သည်။ ဂီတပညာကို လေးစားသူ ဖြစ်သည်။ သို့ဖြစ်၍လည်း သည်အိမ်တွင်း၌ အိမ် သားငါးဦးရှိသည့်အနက် ကိုဘခက်သည် ဦးကျော်ဒင်နှင့် 'မ' ကိုသာ အထူး ခင်မင်လေးစားမိခြင်း ဖြစ်ပေမည်။

ကျန်လူများကား ကိုဘခက်နှင့် စိတ် သဘောချင်း အဟပ်ဝေးနေပေလိမ့်မည်။ ဒေါ်ခင်မျိုးသန့်သည် လင့်လုပ်စာကို ထိုင်၍ဖြုန်းနေသူဖြစ်သည်။ အိမ်ထောင့် ဝတ္တရားကို ဘာမျှ ပြန်၍ ကြည့်ရှု ထိန်းသိမ်းသူလည်း မဟုတ်ပေ။

မော်သည် ဒေါ်ခင်မျိုးသန့်၏ခြေရာကို နင်းမည့်သူကလေး ဖြစ်သည်။ အမေ ထက် ကဲချင်သာကဲမည်၊ လျော့မည့် သူကား မဟုတ်ပေ။ သူတို့နှင့်စာလျှင် မွန်တစ်ယောက်ကမှ တော်ပေလိမ့်ဦး မည်။ သို့သော် မွန်သည် မာနကြီးသူ ဖြစ်သည်။ သူ့အလုပ်ကလွဲလျှင် တခြား အလုပ်ကို အထင်သေးတတ်သူဖြစ် သည်။ သူ့ယုံကြည်ချက်ကလွဲလျှင် တခြားသူ၏ယုံကြည်ချက်ကို စိတ်ဝင် စားလိုသူ မဟုတ်ပေ။




ကိုဘခက်သည် အိမ်ကြီးကိုကြည့်ရင်း သည်အိမ်ကြီးအတွင်းမှ လူများ၏ စိတ်သဏ္ဌာန်ကို စဉ်းစား၍ကြည့်လိုက် မိသည်။ ပြီးမှ သည်လူငါးဦးအတွင်းတွင် မိမိက မည်သို့ဆက်ဆံနေထိုင်သွားရ မည်ကိုလည်း စဉ်းစားလိုက်မိသည်။

'မ' တို့အခန်းဆီမှ မီးမှိတ်၍သွားသည်။ ပြီးမှ မီးရောင်ပြာလွှဲလွှဲကလေး လင်း၍ လာပြန်သည်။ အိမ်ရှေ့တွင် ကားတစ်စီး သာဆိုက်ထားသည်ကို တွေ့ရသည်။ လူသံကား မကြားရတော့ချေ။

ကိုဘခက်သည် အခန်းဆီသို့ ခပ်ဖြည်း ဖြည်းလျှောက်ခဲ့သည်။ သူ့အခန်းမှာ နောက်ဖေးစတိုခန်းတစ်ခုနှင့် ကပ်လျက် ရှိသည်။ စတိုခန်းနောက်တွင် မီးဖို ဆောင်သာရှိတော့သည်။ ကိုဘခက်နေ သောအခန်းမှာ အိမ်ရှေ့လှေကားပေါက် မှဝင်လည်း ရသည်။ ဘေးတံခါးမှဝင်၍ လည်း ရသည်။

ထို့ကြောင့်လည်း ကိုဘခက် ဘေး ပေါက်မှထွက်၍ ဘေးပေါက်မှ ပြန်ဝင်ခဲ့ ခြင်းဖြစ်သည်။ ကိုဘခက်သည် အပေါက် ဝသို့ ဝင်မည်အပြုတွင် စတိုခန်းဘေးဆီမှ တိုးတိုးအသံကလေးများကိုကြားလိုက်ရ သည်။ ကိုဘခက်သည် ခြေလှမ်းကို အသာကြွ၍နင်းလိုက်လျှင် သူ့အခန်း တံခါးကို ကွယ်၍ကြည့်လိုက်သည်။ စတိုခန်းဘေးတွင် မည်းမည်းသဏ္ဌာန် နှစ်ခုကို မြင်နေရသည်။

"ဂျော်နီ...ကိုယ့်ကို ဒီလိုမလုပ်ပါနဲ့ ကွယ်"

ကိုဘခက်သည် လေသံမျှကြားရသော အသံရှင်ကို ရုတ်တရက် ဝေခွဲ၍မရနိုင် အောင် ရှိတော့သည်။

ဂျော်နီ...ကိုယ်ပြောတာ မရဘူးလား၊ လွှတ်ပါကွာ။ လက်ကို ကိုင်မထားပါနဲ့၊ ကိုယ်ကြောက်တယ်...သိလား"

"အိုကွာ...မော်ကလည်း ဘာကြောက် တာလဲ။ မော့်ကို ကိုယ်ချစ်တယ် သိလား"

"ဟင့်အင်း...ဟင့်အင်း၊ မော်ကြောက် တယ်၊ ချစ်ရင် နောက်မှပြော..."

နောက်နေ့အထိ မစောင့်နိုင်ဘူး၊ ခုပြောမယ်၊ မော် ကိုယ့်ကိုချစ်လားဟင် ...ပြောစမ်း၊ ကိုယ်ကဖြင့် မော့်ကိုချစ်ရ တာ ရူးတော့မယ်။ ကဲ..."

"အို..."

ကိုဘခက်သည် ဆက်၍နားမထောင် ရဲတော့ပေ။ အခန်းတံခါးကို တအား ဆောင့်၍ပိတ်လိုက်သည်။

ထိုခဏပင် မော်၏အလန့်တကြား အော်သံကလေးသဲ့သဲ့ကို ကြားလိုက် ရသည်။

"အို...လွှတ် ဂျော်နီ ... မော်သွားတော့ မယ်၊ ဂွတ်နိုက် ... "

စတိုခန်းတံခါးကို ပိတ်လိုက်သော အသံကို ကြားလိုက်ရသည်။

ကိုဘခက်သည် ခုတင်ပေါ်သို့ ခြေပစ် လက်ပစ် လှဲလိုက်သည်။

သူ့မျက်လုံးထဲတွင်ကား ဘောင်းဘီ ဖင်ကျပ်နှင့် ရာမဇာတ်ထဲမှ မျောက် ကလေးကိုသာ မြင်ယောင်နေမိတော့ သည်။

မော်သည် အခန်းတွင်းသို့ ခပ်ဖြည်း ဖြည်းဝင်လာခဲ့သည်။ သူ့ရင်ထဲတွင် တထိတ်ထိတ်ခုန်နေသည်။ အခန်းဝသို့ ရောက်သည့်တိုင်အောင် ရုတ်တရက် မဝင်ရဲပေ။

မွန်နှင့် 'မ'တို့၏ အရိပ်အခြည်ကို ကြည့်လိုက်သည်။ ပြီးမှ အခန်းတွင်းသို့ ခြေကို ခပ်ဖော့ဖော့နင်းကာ ဝင်ခဲ့သည်။

အိပ်ရာပေါ်တွင် ခြေချလိုက်သောအခါ သူ့ရင်အုံကလေးမှာ ကြွချည် နိမ့်ချည် ဖြစ်နေသည်။ မောသလိုလို ဟာသလိုလို ရှိနေသည်။ ငိုချင်သလိုလည်း ဖြစ်မိ သည်။ မော်သည် သူ့စိတ်ကိုသူ ငြိမ်အောင် ထိန်းလိုက်သည်။

မွန်သည် ခြင်ထောင်ကို ဆွဲ၍မလိုက် ပြီးလျှင် မော့်ကိုကြည့်လိုက်သည်။ မော်က ခေါင်းမြီးခြုံ၍ တစ်ဖက်သို့ စောင်းအိပ်လိုက်သည်။

" 'မ' ရေ မင်း မနေ့ညက ဘယ်ပျောက် နေလဲ"

'မ'သည် သူ့အတွေးနှင့်သူ နစ်မျောနေ ရာမှ မွန့်ဘက်သို့ ငဲ့၍ကြည့်လိုက်သည်။

"'မ' အထဲမှာနေရင်း မူးနောက်နောက် ရှိတာနဲ့ ပန်းခြံထဲဆင်းပြီးနေတာ"

"အမယ်...မော်သိတယ်၊ ဆရာ ကိုဘခက်နဲ့ အပြင်မှာ စကားပြောနေ တာမဟုတ်လား"

မော်သည် စောင်ကိုလှပ်ရင်း ခေါင်း ထောင်၍ မေးလိုက်သည်။ 'မ' ကမူ ခပ်အေးအေးပင် ပြန်၍ဖြေလိုက်သည်။

"အေးလေ... ဟုတ်သားပဲ၊ ဆရာ ကိုဘခက်နဲ့တို့ ဂီတအကြောင်း ဆွေးနွေး နေတာ"

"ဂီတအကြောင်း ဆွေးနွေးနေတယ် ဆိုတော့ တော်သေးတာပေါ့နော်"

မော်က ခပ်ငေါ့ငေါ့လေသံဖြင့် 'မ' ကို နောက်လိုက်သည်တွင် မွန်က ဝင်၍ ဟန့်လိုက်သည်။

"မော် ... မင်း အရှုးချေးပန်းစကားတွေ လျှောက်မပြောစမ်းနဲ့။ 'မ'ဟာ မင်းထက် အသက်လည်းကြီးတယ်၊ စဉ်းစားဉာဏ် လည်းရှိတယ်။ မင်းစကားပြောရင် သတိ ထားပြော"

မော်သည် စောင်ကို ခေါင်းမြီးခြုံ၍ ပြန်လှဲချလိုက်သည်။

'မ' သည် မော့်ကို စိတ်ဆိုးရန်ပင် သတိမရနိုင်ပေ။ သူ့အတွေးနှင့်သူ ဝင်စားနေမိသည်။

"မွန် ..."

"ဟင်..."

"မွန်တို့ လက်ထပ်ခါနီးပြီနော်"

"ရှေးလဆန်းပဲ၊ ဘာလိုတော့လဲ"

'မ' သည် မွန်၏ရှေ့ရေးကို အဆုံးအစ မရှိ တွေးနေမိသည်။ မွန့်အတွက် သူပေး လိုသော အကြံဉာဏ်ကို ပေးသင့် မပေး သင့် စဉ်းစားနေစဉ်မှာပင် မော်က 'မ' စကားကို ဖြတ်လိုက်သည်။

"ဟော့ ... မွန်၊ မွန့်ကို မော်တစ်ခုမေးမယ်၊ ဗစ်တာ့ကို မင်းချောတယ်လို့ ထင် သလား"

"ဘာလဲ... မင်းသိချင်တဲ့ ချောတယ် ဆိုတာ"

"ချောတယ်ဆိုတာ ကြည့်ကောင်းတာ ကို ပြောတာပေါ့။ ကိုယ့်မျက်စိထဲမှာ လှပြီး ချစ်စရာကောင်းတာဟာ ချောတာ ပေါ့"

"ကဲ... မင်း ဘယ်လိုထင်လဲ၊ ဗစ်တာ့ကို မင်း ချောတယ်ထင်သလား၊ အရုပ်ဆိုး တယ်ထင်သလား။

မွန်.... စိတ်မဆိုးကြေးနော်၊ မော်တော့ ဗစ်တာ့ကို ချောတယ်လို့ မထင်ဘူး။ နှာခေါင်းပွတယ်၊ နဖူးကျယ်လွန်းတယ်၊ မျက်ခုံးထူတယ်။ ကြည့်ရတာ တစ်မျိုး ကြီးပဲ၊ ကြည့်လို့မရဘူး"

"အေး ... မွန်ကတော့ ဒါကိုက ယောကျာ်းပီသတယ်လို့ ထင်တယ်။ ဒါပေမဲ့ မွန် သူ့ကိုချစ်တာ ရုပ်ချောလို့ မဟုတ်ဘူး။ ရုပ်ဟာ ကြည့်မရအောင် အရုပ်မဆိုးရင် ပြီးတာပဲ။ ယောကျာ်း တစ်ယောက်ကို ရွေးတဲ့နေရာမှာ ဥပမာ အရည်အချင်းသုံးခုလောက်ကို မူတည် ပြီးရွေးရင် ရုပ်ဟာ တတိယပဲ။ အရေး ကြီးတာက ကိုယ်နဲ့ စိတ်သဘောထား ချင်း တိုက်ဆိုင်ဖို့ရယ်၊ ဒီယောကျာ်းကို ယူလိုက်တဲ့အတွက် ကိုယ့်အဆင့်အတန်း ဟာ ခုထက် မနိမ့်ကျရဘူး။ ဒါထက်သာ မြင့်လာရမယ်ဆိုတဲ့ အာမခံချက်ရှိရမယ်။ ပြီးတော့ ကိုယ့်လွတ်လပ်ခွင့်ကို လိုက် လျောမယ့်လူ ဖြစ်ရမယ်။ ဒါဟာ အရေး ကြီးဆုံးပဲ၊ ဒီလိုလူမျိုးကိုယူမှ ကိုယ့်ဘဝ ဟာ စိတ်ချမ်းသာမယ်"

မော်သည် နေရာမှထ၍ ထိုင်လိုက် သည်။

မွန်ပြောသောစကားများမှာ သူ့အသိ နှင့် သဘောပေါက်၍ မရရှာပေ။

မော်သည် မွန်၏ခုတင်ခြေရင်းတွင် ဝင်၍ထိုင်လိုက်ပြီးလျှင် ခြင်ထောင် ဆွဲတင်လိုက်သည်။

"ဟုတ်တယ် မွန်၊ မွန်ပြောတာတွေကို မော် အားလုံးသဘောမပေါက်ပေမယ့် မော်နားလည်တာကိုပြောမယ်။ ရုပ်ချော တယ်၊ မချောဘူးဆိုတာ မိန်းကလေးတစ် ယောက်အတွက် ကျိန်းသေတွက်လို့မရ ဘူး။ ဂျော်နီ့ကို မော်လေ အစက လုံးလုံး ကြည့်မရဘူး။ ပါးစပ်ကပြဲသေး၊ မျက် ပေါက်က မှေးသေး၊ ပြီးတော့လည်း ပြောင်စပ်စပ်နဲ့ သိပ်မုန်းစရာကောင်း တာပဲ။ ခုတော့ ဂျော်နီဟာလေ..."

"ဟဲ့... မော်၊ နင် ဘယ်လိုဖြစ်တာလဲ၊ ဒုက္ခတော့ဖြစ်ကုန်ပြီ 'မ' ရေ၊ 'မ'.. မင်းညီမကို လာမေးစမ်း"

မွန်သည် မော့်၏ပခုံးကလေးကို လှုပ်ခါရင်း မေးလိုက်လေသည်။

မော်က သူ့မျက်နှာကို လက်ဝါးလေး ဖြင့်အုပ်၍ ရယ်နေတော့သည်။ 'မ' သည် သက်ပြင်းကို အသာချလိုက်မိသည်။

"ဘာမေးစရာလိုလဲ မွန်၊ ဂျော်နီ့ကို သူကြိုက်နေတာပဲဖြစ်မှာပေါ့"

မော်က ရုတ်တရက် ခေါင်းကိုမော့ လိုက်ပြီး 'မ' ကို ဒေါသဖြင့် ကြည့်လိုက် သည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**"ဦးကျော်ဒင်သည် သူ၏ကျေးဇူးရှင်ဖြစ်သည်။ 'မ' သည် သူ၏တပည့်မဖြစ်သည်။ အမှန်တော့ သည်အိမ်ကြီးအတွင်းတွင် ကိုဘခက်သည် ဦးကျော်ဒင်နှင့် 'မ' ကို အထူးသဖြင့် ခင်မင်လေးစားမိသည်။ ဦးကျော်ဒင်သည် ရိုးသားသည်။ ပွင့်လင်းသည်။ သူ့ဘဝကိုသူ အပြစ်ကင်းကင်းဖြင့် ပျော်အောင်နေတတ်သူဖြစ်သည်။ 'မ' သည် သိမ်မွေ့သော မိန်းကလေးတစ်ဦးဖြစ်သည်။ သည်းခံနိုင်စွမ်းရှိသည့် အတွင်းစိတ်ဓာတ် မာကျောသူတစ်ဦးဖြစ်သည်။ ဂီတပညာကို လေးစားသူဖြစ်သည်။ သို့ဖြစ်၍လည်း သည်အိမ်တွင်း၌ အိမ်သားငါးဦးရှိသည့်အနက် ကိုဘခက်သည် ဦးကျော်ဒင်နှင့် 'မ' ကိုသာ အထူး ခင်မင်လေးစားမိခြင်းဖြစ်ပေမည်။"**

# သူ့အကြိုက်

**ပီမိုးနှင်း**

လူတို့၏စိတ်အလိုကို သိရမည်။ မည်သူနှင့်မျှ ဆန့်ကျင်ဘက် မပြုရ။ အလိုက်သင့်ပြောရမည်။ တစ်ဖက်သားမသိအောင် မြှောက်ပင့်တတ်ရမည်။ တစ်ဖက်သား၏စိတ်ကို မထိမခိုက် မနာကြည်းစေရ။ မထီမဲ့မြင်မပြုရ။ သူတစ်ပါး၏ထင်မြင်ချက်ကို လေးစားရမည်။ အနိုင်မယူချင်ရ။ လိုက်လျောရမည်။ ယခုပြော၍မရလျှင် ဆိတ်ဆိတ်နေ၊ နောင်အခွင့်ကြုံမှ အခြားနည်းနှင့်ပြောရမည်။ လျှော့၍ပေးလျှင် ပြန်၍ရ၏။ သူ့အလိုကို အနည်းငယ်လိုက်က ကိုယ့်အလိုသို့ သူကအများကြီး ပြန်၍လိုက်လိမ့်မည်။

စကားအပြောမသန်ရ၊ နားအထောင်သန်ရမည်။ လူကိုမကြောက်ရ၊ လူကို ကြင်နာရမည်။ လူကိုမမုန်းရ၊ လူကိုသနားရမည်။ တစ်ယောက်ယောက်နှင့် စကားပြောရာ၌ တစ်ဖက်သား၏စရိုက်နှင့် သူ့အကြိုက်အလိုကို သိရမည်။ တစ်ဖက်ကို ဆရာတင်ခြင်းကြောင့် မိမိမှာ တပည့်နောက်လိုက်မဖြစ်၊ ပို၍ကြီးသောဆရာဖြစ်နိုင်လေသည်။

"ငါ့စကားနွားရ" မပြောရ။ အကျိုးမဲ့ အငြင်းအခုံမပြုရ။ ဂုဏ်ဟူသမျှကို မိမိသာမလိုချင်နှင့်၊ ချီးမြှင့်ထိုက်သူကို ချီးမြှင့်ရမည်။ ပြည့်စုံအောင်ဆောင်ရွက်နိုင်မည်မဟုတ်သောကတိကို မထားရ။ ကတိထားခြင်း၌ မလွယ်ကူအပ်။ ထားပြီးသောကတိကိုလည်း တည်စေရမည်။ စကားမှန်ရမည်။ တစ်ဖက်သား၏ အသေးအဖွဲ ဝါသနာကလေးများကိုသိ၍ ဝါသနာနှင့်တွေ့အောင် ဝန်မလေးသော အလုပ်ကလေးများကို လုပ်၍ပေးရမည်။ မြင်းဝါသနာပါသူအား မြင်းဆေးနည်းကောင်းတစ်ခုကိုပေးလျှင် ခင်မင်၍လာလိမ့်မည်။

**လျှို့ဝှက်ခြင်း**

အရာရာကို ပြော၍မပြအပ်ပေ။ လူသည် လျှို့ဝှက်သောအရာကို သိမြင်ချင်၏။ မြင်ရခဲသော မိန်းမပျိုအိမ်တွင်းပုန်းကို များစွာမြင်လိုကြ၏။ သို့ဖြစ်လေရာ အကြံအစည်၊ အလုပ်အကိုင်၊ အသွားအလာ၊ အပြောအဆို အရာရာ၌ အကျိုးမဲ့ထုတ်ဖော်၍ မပြကောင်းပေ။

အရပ်သားတစ်ယောက်သည် တစ်ရပ်တစ်ရွာ၌ နေခိုက်မှာ မိမိ၏အကြောင်းနှင့်ပတ်သက်၍ အကောင်းကိုလည်းမပြော၊ အဆိုးကိုလည်းမပြော၊ မေးလှမှ တော်ရုံတန်ရုံပြောချေက ထိုလူကို လူထူးဟု မှတ်ထင်တတ်ကြလေသည်။ ထိုလူကို ပိုမို၍ကြီးကျယ်သည်ဟူသော အတွေးမျိုးပေါ်တတ်လေသည်။ သို့ဖြစ်လေရာ မိမိအကြောင်းအကောင်းကို ပြောခြင်းသည်လည်း မကောင်း၊ အဆိုးကိုပြောခြင်းသည်ကား သာ၍ပင်မကောင်းဖြစ်တတ်လေသည်။

ချီးမွမ်းခံရသည့်အခါ မခံချင်ဟန်မလုပ်နှင့်။ ချီးမွမ်းသည့်အတွက် ကျေးဇူးတင်ပါသည်ဟူ၍ပင် ဥရောပတိုက်သားများ ပြောတတ်၏။ မြန်မာမှာကား ထိုကဲ့သို့ ပြော၍မဖြစ်၊ တစ်ဖက်သား၏စိတ်မှာ ငေါ့သည်၊ လှောင်သည်ဟု မှတ်ထင်မှာစိုးရလေသည်။

ချီးမွမ်းခြင်းကို မကြိုက်ဟုပြောသူသည် နှစ်ကြိမ်ချီးမွမ်းသည်ကိုခံချင်၏ဟု လက်တင်စကားပုံရှိ၏။

Qui laudari negat,

bis laudari cupit

သို့ဖြစ်လေရာ သာယာသောမျက်နှာနှင့် ဆိတ်ဆိတ်နေခြင်းသည် ပို၍ကောင်း၏။

ကျွန်ုပ်ရေးသော စကားအချို့အကြောင်းနှင့်ပတ်သက်၍ ချီးမွမ်းစကားပြောလာသည့်အခါ ကျွန်ုပ်အားတက်၏။ သို့အတွက် အဘယ်အခါမျှ မခံလိုသောအမှတ်ကိုမပြ၊ ခေါင်းညိတ်ကာသဘောကျကြောင်းကို အမြဲပြ၏။

မစ္စတာမောင်မှိုင်းအား ၎င်း၏စာတစ်ပုဒ်နှင့်ပတ်သက်၍ လူတစ်ယောက်က ကောင်းကြောင်းပြောရာ မစ္စတာမောင်မှိုင်းက ကောင်းရမပေ့ါဟု ရိုးရိုးပဲပြန်၍ပြောလိုက်လေသည်။ ချီးမွမ်းခြင်းကို မကြိုက်လေဟန်လုပ်ခြင်းသည် ချီးမွမ်းခြင်းနှင့် မထိုက်သောစိတ်ရှိကြောင်းကို ဖော်ပြရာရောက်သည်။ ။

■

# ကြီးပွားချမ်းသာနည်းဗျူဟာ

**ထက်ခိုင်**



## အိပ်မက်ကြီးကြီးရဲရဲမက်ပါ

"လူတစ်ဦးသည် သူ၏အိပ်မက်များဆီသို့ ယုံကြည်စွာရှေ့ဆက်သွားလျှင် သာမန်အချိန်များတွင် မတွေ့ဖူးသော အောင်မြင်မှုမျိုးကို သူရရှိမည်။"

**ဟင်နရီဒေးဗစ်သော်ရိုး(၁၈၁၇-၁၈၆၂)**

ကြီးပွားချမ်းသာအောင်မြင်မှုအား လူတိုင်းလူတိုင်းက လိုလားတောင့်တကြသည်။ သို့ဖြစ်သောကြောင့် အောင်မြင်ကြီးပွားချမ်းသာရေးနည်းလမ်းများကိုလည်း အသက်အရွယ်မရွေး လူတိုင်းလူတိုင်းက အသက်ရှင်နေသမျှကာလပတ်လုံး အစဉ်သဖြင့် ရှာဖွေနေကြသည်။ အောင်မြင်ကြီးပွားချမ်းသာရေးနည်းလမ်းပေါင်း မြောက်မြားစွာရှိသည်မှာ မှန်သော်လည်း အောင်မြင်ကြီးပွားချမ်းသာမှုကို လူတိုင်းရရှိနိုင်သည်ကားမဟုတ်။

သို့သော်လည်း အောင်မြင်ကြီးပွားချမ်းသာကြွယ်ဝသည့်လူတိုင်းကသာ အိပ်မက်ကြီးကြီးများကို ရဲရဲမက်ကာ ရဲရဲကြိုးစား၊ ရဲရဲရုန်းကန်ခဲ့ကြသည်။ ထို့ကြောင့် မှန်ကန်သည့် အောင်မြင်ကြီးပွားရေးနည်းလမ်းများကို ရှာဖွေတွေ့ရှိကြပြီး အောင်မြင်ကြီးပွားချမ်းသာမှုကို ရရှိနိုင်ခဲ့ကြခြင်းဖြစ်သည်။

သို့ဖြစ်၍ လူတိုင်းလူတိုင်းသည် အိပ်မက်ကြီးကြီးများကိုရဲရဲမက်ကာ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားကြရန်အထူးလိုအပ်သည်။ အောင်မြင်ကြီးပွားချမ်းသာမှုရရှိလိုသည့် ကနဦးအိပ်မက်ဖြစ်ပေါ်နိုင်ရန် စိတ်တန်ခိုးထက်သန်မှုအတိမ်အနက်ကလည်း အရေးပါလှသည်။ အဆိုပါ ကနဦးအိပ်မက်ဖြစ်ပေါ်နိုင်ရန် ထက်သန်သည့်စိတ်တန်ခိုးကို အကောင်အထည်ဖော်မှုနှင့် အောင်မြင်ကြီးပွားချမ်းသာနိုင်ရေးအတွက် ကြိုးစားလုပ်ဆောင်မှုအမျိုးမျိုး ရှိသော်လည်း အလွယ်ဆုံးနှင့်အထိရောက်ဆုံးနည်းလမ်း(၁၀)ချက်ကား ရှိနှင့်ပြီးဖြစ်သည်။

ထိုအောင်မြင်ရေးနည်းနာတို့မှ နံပါတ်(၇)အချက်ဖြစ်သော "အိပ်မက်ကြီးကြီးများရဲရဲမက်ပါ" ဟူသည်က မိမိ၏စိတ်ကို မိမိဘာသာကွပ်ကဲကာ ကနဦးဆန္ဒကို နိုးထဖြစ်ပေါ်စေရန် စိတ်ကူးစိတ်သန်းတို့ဖြင့် မိမိကိုယ်တိုင်က အိပ်မက်ဖြင့်စတင်ကာ ရဲရဲဝံ့ဝံ့ဖြင့် လုပ်ဆောင်ရမည့်နည်းလမ်းပင်ဖြစ်ပေတော့သည်။

အောင်မြင်မှုတောင်ထိပ်ကို ရောက်အောင်တက်နိုင်ကြသည့်လူတိုင်းသည် ခြေလှမ်းတစ်လှမ်းလှမ်းလိုက်ရုံဖြင့် ရောက်ရှိခဲ့ကြသည်ကားမဟုတ်။ တောင်ခြေကနေစတင်ပြီး ခြေလှမ်းပေါင်းထောင်သောင်းမက လှမ်းခဲ့ကြသည့်အတွက် တောင်ထိပ်ကိုရောက်ရှိခဲ့ကြခြင်းဖြစ်သည်။ ခရီးလမ်းသည် ချောမွေ့သည်ချည်းမဟုတ်။ ခက်ထန်ကြမ်းတမ်းသည့်ခရီးလမ်းကိုလည်း ခိုင်မာသည့်စိတ်ဓာတ်၊ ဇွဲ၊လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားရုန်းကန်ခဲ့ကြရသည်။ ထိုကဲ့သို့ကြိုးစားလျှောက်လှမ်းရာ လမ်းတစ်လျှောက်တွင် ရင်ထဲ၌ စွဲမြဲစွာထားရှိသည့်ခိုင်မာသောတစ်စုံတစ်ခုရှိနေသည်မှာ သေချာသည်။

ယင်းမှာ ယုံကြည်မှုအိပ်မက်ပင်။

အိပ်မက်ကြီးကြီးကို ရဲဝံ့စွာမက်နေလိုက်ခြင်းလည်းဖြစ်သည်။ မိမိအတွက် လျှောက်လှမ်းရာလမ်းခရီးသည် မည်သို့ပင်ရှိနေစေကာမူ အောင်မြင်ရမည်ဟူသည့် ယုံကြည်မှုအိပ်မက်ကို ဦးစွာထားရှိလျှောက်လှမ်းနေခြင်းကြောင့်ဖြစ်သည်။

ယုံကြည်မှုစွမ်းအားသည် ထူးကဲသည့် စိတ်တန်ခိုးကိုဖြစ်ပေါ်စေပြီး လူ၏လုပ်အားကိုနှိုးဆော်ကာ ကြိုးစားမှုကို ရှေ့လျားစေခြင်းဖြစ်သည်။ ထို့ကြောင့် ဆင့်ကဲဖြစ်ပေါ်မှုတို့၏ အသီးအပွင့်ကိုရရှိလာသည့်အခါ အောင်မြင်မှုလုပ်ငန်းပြီးမြောက်မှု၊ မိမိဖြစ်လိုသည့် ဆန္ဒအမှန်ကို ပုံဖော်ရယူနိုင်မှုတို့ကို လက်တွေ့ခံစားလာစေသည်။ ထိုမှတစ်ဆင့် အောင်မြင်ကြီးပွားမှု၊ ချမ်းသာမှုတို့ကို ရရှိလာခြင်းလည်း ဖြစ်ပေသည်။

ဘဝဖြတ်သန်းမှုဟူသည် လှိုင်းလေထန်ပြီး အပြောင်းအလဲမြန်ဆန်သည့်သဘောမျိုးဖြစ်သဖြင့် လက်တွေ့အဖြစ်အပျက်များနှင့်ယှဉ်ပြီး မိမိကိုယ်မိမိ အမြဲတစေ ပြန်လည်သုံးသပ်နေရမည်လည်းဖြစ်သည်။

အားသာချက်၊ အားနည်းချက်များကို ပြန်လည်ကြည့်ရှုရမည်။ မည်သူမဆို အားနည်းချက်ရှိနိုင်သည်ဟု နှလုံးသွင်းထားရမည်။ ပြုပြင်စရာရှိသည်များကို ပြုပြင်နိုင်ရမည်။ အားသာချက်များကို ပိုမိုအာရုံစိုက်ရန်လိုသည်။ မိမိ၏အားသာချက်များဖြင့် အောင်မြင်မှုများကို အကောင်အထည်ဖော်ဆောင်ရမည်ဖြစ်ရာ နယ်ပယ်တစ်ခုခုကို ရွေးချယ်ရပေမည်။ ထိုနယ်ပယ်တွင် လုံးလုံးလျားလျား နှစ်မြှုပ်လုပ်ကိုင်ရမည်ဟု ဆုံးဖြတ်ရပေမည်။

မိမိကိုယ်ကို ယုံကြည်မှုအိပ်မက်ကို စတင်မက်ပြီးသည်နှင့် သတ္တိရှိရန်လိုသည်။ သတ္တိသည် လူတို့၏တန်ဖိုးများတွင် အဓိကနေရာ၌တည်ရှိသည်။ အကြောင်းမှာ ထိုသတ္တိအပေါ်တွင် အခြားအခြားသော အရည်အသွေးတို့ကတည်မှီနေမှုကြောင့်ဖြစ်သည်။ အချို့သောလူများ အရည်အသွေးရှိပါလျက် မအောင်မြင်၊ မကြီးပွား၊ မချမ်းသာရခြင်းမှာ သတ္တိနည်းမှုကြောင့်ပင်။ ယုံကြည်မှုအားနည်းမှုကြောင့်ပင်။ ယင်းသို့သော အချက်များကြောင့် သတ္တိရှိရန် အထူးလိုအပ်သည်။

"ငါဟာ ငါ့ဘဝရဲ့အရှင်သခင်။ ငါသာလျှင် ငါ့ကံကြမ္မာကို ရွေးချယ်ဆုံးဖြတ်သူ။ ငါဟာ မာလိန်မှူးပဲ။ ဦးဆောင်ရာ ခေါင်းဆောင်ပဲ။ ငါဟာ စွမ်းအားရှိတယ်။ ငါ့မှာ ထူးခြားတဲ့စွမ်းအင်တွေပိုင်ဆိုင်ထားတယ်။ အောင်မြင်မှုကို သေချာပေါက်ရရှိအောင် စွမ်းဆောင်နိုင်တဲ့လူစားပဲ။" ဟူ၍ အသံထွက်ရွတ်ဆိုကြည့်လိုက်ပါ။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မှသည် အကြိမ်များစွာ ရွတ်ဆိုကြည့်လိုက်လျှင် ထူးခြားမှုကို ချက်ချင်းလက်ငင်းတွေ့ရပေမည်။ စိတ်စွမ်းအားတို့ အလိုလိုပွင့်လင်းထွက်ပေါ်လာပေမည်။ ရွတ်ဆိုရုံတင်မဟုတ်ဘဲ စာလုံးကြီးကြီးဖြင့် ကွန်ပျူတာစာစီကာ မိမိ၏မြင်သာသည့်နေရာတို့တွင် ကပ်ထားခြင်းဖြင့်လည်း နေ့စဉ်မြင်တွေ့သိရှိရွတ်ဆိုပြီး အလိုလိုအသိပေးနှိုးဆော်ရာရောက်မည်လည်း ဖြစ်သည်။

ဘဝကိုရဲရဲရင့်ရင့်ဖြင့် ရဲဝံ့စွာဖြတ်သန်းနိုင်ရန်လိုအပ်သည်။

သံမဏိဟူသည် ကာဗွန်ပါမှ မာကျောမှုရှိသကဲ့သို့ ဇွဲရှိမှ လူသား၏စရိုက်လက္ခဏာခိုင်မာပေသည်။ ဇွဲသတ္တိခံနိုင်ရည်ရှိရန်အတွက် ယုံကြည်မှုရှိရမည်ဖြစ်သည်။ ထိုယုံကြည်မှုက အခြေခံကျသည်။ ကျွမ်းကျင်မှု၊ ထိရောက်မှု၊ အဆင့်မြင့်ဆုံးဖြတ်ဆောင်ရွက်မှုများလုပ်ဆောင်ရသည့်အခါ မိမိကိုယ်ကိုယုံကြည်မှုက အရေးပါလာသည်။

ထို့ကြောင့် မိမိကိုယ်ကို ယုံကြည်မှုရှိရပေမည်။ ယင်းယုံကြည်မှု တည်ဆောက်နိုင်ရန် အိပ်မက်မက်ပါ။ အိပ်မက်ကိုကြီးကြီးမက်ပါ။ ရဲရဲမက်ပါ။

အောင်မြင်ကြီးပွားချမ်းသာလိုကြသည့် ယနေ့မျိုးဆက်သစ်လူငယ်လူရွယ်တို့နှင့် လူတိုင်းလူတိုင်းသည် အောင်မြင်ကြီးပွားချမ်းသာမှုရရှိနိုင်မည့် နည်းနာများကို လက်တွေ့လိုက်နာလုပ်ဆောင်ကြရန်လိုအပ်သည်။ သို့မှသာ ဘဝဖြတ်သန်းမှုတစ်လျှောက်တွင် အမှန်တကယ်အောင်မြင်ကြီးပွားချမ်းသာမှုပန်းတိုင်ကို ဆွတ်ခူးရရှိနိုင်မည် ဖြစ်ပေတော့သည်။ ။

# မိတ်ဆွေကောင်းလိုချင်သလား

မောင်ထူးချွန်

မောင်တို့မယ်တို့အနေနဲ့ ဘဝမှာ မိတ်ကောင်းဆွေကောင်းရှိဖို့ လိုအပ်တယ်။ မောင်တို့မယ်တို့ မိတ်ဆွေကောင်းလိုချင်သလား။ မိတ်ဆွေကောင်းဆိုတာ အလွန်တရာတန်ဖိုးကြီးမားပါတယ်။

မိတ်ဆွေကောင်းရှိရင် အရာရာပြည့်စုံတယ်လို့ မြတ်စွာဘုရားရှင်က မိန့်ကြားတော်မူထားတယ်။

“ညီတော်အာနန္ဒာ၊ ဆရာသမားကောင်း၊ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းဖော်ယှဉ်တွဲ အမှီသဟဲပြုရခြင်းသည် မိမိကြံစည်အောင်မြင်လိုသော လုပ်ငန်းစဉ်၏ ၁၀၀ ရာခိုင်နှုန်းဖြစ်သော ခရီးအဆုံးသို့ ရောက်ရှိပြီးစီးခြင်းနှင့် အလားသဏ္ဍာန်တူပေသည်။ ကောင်းသောဆရာ၊ ကောင်းသောအပေါင်းအဖော်ဟူသည် အောင်မြင်မှုအတွက် ရာခိုင်နှုန်းပြည့်၊ ၁၀၀ ရာခိုင်နှုန်းအထောက်အပံ့ဖြစ်စေသော စွမ်းအားရှိကြပေသည်ဟု မှတ်ယူလော့။”

ဂေါတမမြတ်စွာဘုရားရှင်က ညီတော်အာနန္ဒာကို မိန့်မှာခဲ့တာဖြစ်တယ်။ ရာနှုန်းပြည့်အထောက်အပံ့ဖြစ်စေတဲ့ စွမ်းအားရှိကြတယ်ဆိုတော့ မိတ်ဆွေကောင်းရှိဖို့က အရေးပါလာရတော့တာပေါ့။

မိတ်ဆွေကောင်း၊ ဆရာသမားကောင်းရရှိဖို့ ဘယ်လိုရှာဖွေမလဲ။

လွယ်ပါတယ်ကွယ်။

ရှာဖွေရတာလွယ်ပါတယ်။ မဝေးပါဘူး။ မောင်တို့မယ်တို့နဲ့ အနီးလေးမှာပဲရှိပါတယ်။ သိသူဖော်စား မသိသူကျော်သွားဆိုတဲ့သဘောပါပဲ။ မောင်တို့မယ်တို့ ဝန်းကျင်မှာ ရှိနေတာဖြစ်တယ်။ ရှာဖွေဖော်ထုတ်တတ်ဖို့တော့ လိုတာပေါ့ကွယ်။

“စာအုပ်ကောင်းတစ်အုပ်ဟာ မိတ်ဆွေများစွာအနက် အကောင်းဆုံးမိတ်ဆွေပါပဲ”

အင်္ဂလိပ်စာရေးဆရာ မာတင်၊ ဖာကူးဟာတူးပါး(၁၈၁၀-၁၈၈၉) က ရေးသားခဲ့တဲ့စကားပါပဲ။ ကနေ့အတွက် မိတ်ဆွေကောင်းဖြစ်သကဲ့သို့ အကောင်းဆုံးမိတ်ဆွေဖြစ်ပေသည်လို့လည်း သူကဆိုခဲ့တာဖြစ်တယ်။

အလွန်မှန်ကန်တဲ့စကားပေါ့ကွယ်။

စာဖတ်တဲ့လူမျိုးတွေက တိုးတက်ဖွံ့ဖြိုးကြတယ်။ တိုးတက်ဖွံ့ဖြိုးတဲ့နိုင်ငံက လူမျိုးတွေကလည်း စာပေကိုဖတ်ရှုကြတယ်။



စာမဖတ်တဲ့လူမျိုးတို့ရဲ့နိုင်ငံဟာ လျင်မြန်စွာပြောင်းလဲနေတဲ့ ကမ္ဘာကြီးကိုမီအောင် ရင်ပေါင်မတန်းနိုင်လို့ နောက်ကျကျန်ရစ်ခဲ့တတ်တယ်။ အင်္ဂလိပ်စာရေးဆရာအတော်များများဟာ ၂၀ ရာစု ကာလအတွင်း အင်္ဂလိပ်လူမျိုးတွေ စာဖတ်နည်းလာကြလို့ တိုင်းပြည်အနာဂတ်နဲ့ ရေရှည်ခရီးအတွက် ပူပန်ကြောင့်ကြမိကြောင်း သတိပေးရေးသားခဲ့ကြတယ်။

ဒါကြောင့် မောင်တို့မယ်တို့လို မျိုးဆက်သစ်လူငယ်မောင်မယ်တွေ စာဖတ်ကြရမယ်။ စာဖတ်တဲ့နေရာမှာ စာကိုများများဖတ်မှ တော်ရုံကျမယ်။ ဖတ်နိုင်သလောက်ထက် ပိုပြီးဖတ်ကြဖို့ တိုက်တွန်းလိုပါတယ်။ စာပေကနေရရှိတဲ့ အတွေးအမြင်အသိတွေက အမြဲတမ်းမှန်ကန်တိကျနေတယ်။ အယူအဆတွေလည်း မှန်ကန်နေတာပါပဲ။

“စာပေကို မိတ်ဆွေအပေါင်းအသင်းလုပ်ပါ။ သင်၏စာအုပ်စင်သည် သင့်ဥယျာဉ်များပင်။ ထိုအလှအပများ၏ အရိပ်တွင်ခိုဝင်ပါ။ သစ်သီးများကို ဆွတ်ယူပါ။ နှင်းဆီပွင့်များကိုခူးပါ။ မွှေးကြိုင်သင်းထုံသောရနံ့ကို သင်ခံစားပါ။”

ပြင်သစ်ဂျူးဆေးဆရာသမားတော် ဆင်မြူယယ်ဘင်၊ ယုဒ၊ အီဘန်တစ်ဘွန်(၁၁၅၀-၁၂၃၀) ကလည်း စာပေကို အပေါင်းအသင်းလုပ်ဖို့နဲ့ စာပေကနေရရှိတဲ့ အရိပ်အာဝါသ၊ အသီးအပွင့်တို့ကိုခံစားဖို့ တိုက်တွန်းထားတာ ဖြစ်တယ်။

စာပေဖတ်ရှုခြင်းဟာ အကောင်းဆုံးမိတ်ဆွေကို အပေါင်းအသင်းလုပ်ခြင်းပဲဆိုတာပြဆိုထားတာဖြစ်လို့ မောင်တို့မယ်တို့အနေနဲ့ မိတ်ဆွေကောင်းရရှိဖို့အတွက် မိမိအနီးလေးမှာရှိနေတဲ့ စာအုပ်စာပေတွေကို ဖတ်ရှုလေ့လာမိတ်ဆွေဖွဲ့ဖို့ပါပဲ။ စာပေကနေရရှိတဲ့ အကျိုးကျေးဇူးတွေကိုချပြရရင် ကုန်နိုင်ဖွယ်မရှိပါဘူး။ အတုယူစရာတွေကလည်းများမှများပါပဲ။

ဒီတော့ကာ မောင်တို့မယ်တို့တစ်တွေ စာများများဖတ်ကြပါလို့ ထပ်မံဆော်ဩလိုက်ပါတယ်။

“စာဖတ်ခြင်းမှရရှိသော အတွေ့အကြုံ(သုတ)ကို မိမိ၏လက်တွေ့ဘဝပြဿနာအတွေ့အကြုံ (မုတ)တွင် အသုံးချဖြေရှင်းနိုင်စွမ်း ရှိခြင်းသည် ပညာပင်ဖြစ်သည်။”

မျက်မမြင်၊ နားမကြား အမေရိကန်စာရေးဆရာမ ဟယ်လင်ကဲလား(၁၈၈၀-၁၉၆၈)ရဲ့ ထင်ရှားတဲ့ စကားတစ်ခွန်းပါပဲ။

ဆရာမ ဟယ်လင်ကဲလားဟာ ဟားဗက်တက္ကသိုလ်ရဲ့ ပထမဆုံး ဂုဏ်ထူးဆောင်ဘွဲ့ကို ချီးမြှင့်ခံရတဲ့ မျက်မမြင်၊ နားမကြား အမေရိကန် စာရေးဆရာမတစ်ဦးပေါ့ကွယ်။ မျက်မမြင်စိတ်ဓာတ်မြှင့်တင်ရေး ဟောပြောသူနဲ့ စာရေးသူအဖြစ်လည်း ထင်ရှားသူတစ်ဦးဖြစ်တယ်။

စာပေလေ့လာဖတ်ရှုမှုကြောင့် ရရှိလာနိုင်တဲ့ တန်ဖိုးကြီးမားပုံကို မျက်မမြင်နားမကြား အမေရိကန် စာရေးဆရာမ ဟယ်လင်ကဲလားရဲ့ ဘဝအောင်မြင်မှုက သက်သေပြနေတာပဲပေါ့ကွယ်။ အမြင်အာရုံ၊ အကြားအာရုံ ချို့တဲ့နေတာတောင် ဖွဲမလျှော့ဘဲ ဘဝကိုသတ္တိရှိရှိ ရဲရဲရင့်ရင့် ရင်ဆိုင်ဖြတ်သန်းကြိုးစားမှုကို လေးစားဂုဏ်ပြုရမှာလည်းဖြစ်တယ်။ ထင်ရှားသူ၊ ကျော်ကြားသူအဖြစ်အသိအမှတ်ပြုခံရသူတစ်ဦးရဲ့ဘဝအောင်မြင်မှုဟာ စာပေဖတ်ရှုခြင်းကနေ ရရှိလာတဲ့ အကျိုးကျေးဇူးပါပဲ။

မောင်တို့မယ်တို့အနေနဲ့ အားကျအတုယူစရာတွေပေါ့ကွယ်။

မောင်တို့မယ်တို့တစ်တွေဟာ စာပေဖတ်ရှုခြင်းကြောင့် ရရှိနိုင်တဲ့ အကျိုးကျေးဇူးများပြားမှုတွေကိုလည်း သက်သေသာဓကတွေနဲ့ သိမြင်ခွင့်ရရှိထားပြီးပြီဆိုတော့ကာ အရာရာပြည့်စုံနေကြတဲ့ သားကောင်းသမီးမွန်တွေ ဖြစ်နေကြပြီ။ ဒီတော့ မောင်တို့မယ်တို့အနေနဲ့ မိတ်ဆွေကောင်းရရှိနေပြီပေါ့ကွယ်။ ။

■

# အမြင်အာရုံဖန်တီးခြင်း

## အောင်မြတ်စည်သူ

လွန်ခဲ့သော နှစ်နှစ်၊ သုံးနှစ်ကာလက ကျွန်တော်သည် ဘဝတိုးတက်ရေး တရားဟောဆရာ ဒန်နစ်ဒီတွန်နှင့်အတူ အလုပ်လုပ်ကိုင်ခဲ့သည်။ သူက စိတ်အာရုံပုံဖော်မှုကို အသုံးပြုခြင်းဖြင့် စိတ်ကူးအိပ်မက်ကို ဖြစ်ရပ်မှန်အဖြစ်သို့ ပုံဖော်ခြင်းအား အနက်ဖွင့်ဆိုသော အမြင်အာရုံဖန်တီးခြင်းကို သင်ကြားခဲ့သည်။

ကျွန်တော်၏ ကြာသပတေးည အပတ်စဉ်လူထုဟောပြောပွဲတွင် တစ်ခါတစ်ရံ၌ ဒန်နစ်ဒီတွန်၏ ‘အမြင်အာရုံဖန်တီးခြင်း’ သဘောတရားကို ပို့ချမှုပြုတတ်ပြီး ထိုဟောပြောပွဲများသို့ (ထိုစဉ်ကာလက) အသက်ငယ်သေးသော သမီးလေးမာဂရက်က အဖော်ပြုလိုက်ပါလေ့ရှိခဲ့သည်။ ဟောပြောဆွေးနွေးပွဲစတင်သောအခါတွင် သူသည် မှတ်စုစာအုပ်များနှင့် ခဲတံများ လိုက်လံဖြန့်ဝေမှုတွင် ကူညီလေ့ရှိပြီး ဟောပြောပွဲစတင်သောအခါ သူသည် ပရိသတ်ထဲတွင် ဝင်ထိုင်ကာ သူ၏မှတ်စုစာအုပ်ကိုထုတ်၍ ပါဝင်လေ့ရှိခဲ့သည်။ ထိုစဉ်ကာလက သူသည် အသက် (၁၀) နှစ်အရွယ်ရှိနေခဲ့ပြီ။ သူ့ခေါင်းထဲသို့ သဘောတရားမည်မျှဝင်ရောက်နေသည်ကို ကျွန်တော် မသိတတ်ခဲ့ချေ။

ထို့နောက် ရက်သတ္တပတ်အကုန် နေ့ခင်းတစ်ခုတွင် ကျွန်တော်သည် ကျွန်တော်တို့ အိမ်ရာစခန်းရှိ ရေကူးကန်တွင် ခေါက်ကုလားထိုင်တစ်လုံးဖြင့်ထိုင်၍ သက်သောင့်သက်သာ အပန်းဖြေနေခိုက်တွင် မာဂျီ(မာဂရက်)နှင့် သူ၏ သူငယ်ချင်း မီချဲလ်တို့က ရေကူးကန်ဘေးတွင် ကစားနေခဲ့ကြသည်။ ထိုနေ့တွင် ရေကူးကန်တစ်ဝိုက်နှင့် ရေကူးကန်ထဲတွင် လူများစွာရှိနေခဲ့ကြပြီး ရေကူးကန်၏ ရေနက်ပိုင်းခြမ်းတွင် မာဂရက်နှင့် မီချဲလ်တို့ အပြင်းအထန်ငြင်းခုံနေသံကို ကျန်အသံဗလံများကိုကျော်၍ ကြားလိုက်ရသည်။

“ငါ...မလုပ်နိုင်ဘူး”

မီချဲလ်က ပြောလိုက်သည်။

“နင်...လုပ်နိုင်ပါတယ်။ မင်းလုပ်နိုင်ကြောင်း ယုံကြည်ရမယ်” မာဂျီက ဆိုလိုက်သည်။

“ငါ..ဒိုင်ဗင်ထိုးရမှာ ကြောက်တယ်။ ငါ့တစ်သက် ဘယ်တုန်းကမှ ဒိုင်ဗင်မထိုးဖူးဘူး”

မီချဲလ်က ဖြေလိုက်သည်။

“မီချဲလ်..ငါ့စကားကို နားထောင်စမ်းပါ။ ငါပြောသလို စမ်းကြည့်စမ်းပါ”

မာဂျီက တိုက်တွန်းခဲ့ပြန်သည်။

“မပြောတတ်ဘူးဟာ...ကောင်းပြီ။ နင်ပြောတဲ့အတိုင်း ငါလုပ်မယ်”

မီချဲလ်က တုံ့ပြန်လိုက်သည်။

“မျက်စိကို မှိတ်ထားလိုက်။ ပြီးတော့ နင့်ကိုယ်နင် ဒိုင်ဗင်ခုံပေါ်ရောက်နေတယ်လို့ စိတ်ကူးမြင်လိုက်။ မင်း ဒိုင်ဗင်ခုံပေါ် ရပ်နေတာကို မင်း အာရုံခံမြင်နိုင်သလား”

မာဂျီက မေးလိုက်သည်။

“မြင်နိုင်တယ်”

မီချဲလ်က ဖြေလိုက်သည်။

“ကောင်းပြီ..အခု နင့်ကို ပိုကောင်းတဲ့ပုံရိပ်ဖော်စေချင်တယ်။ မင်းဘယ်လို ရေကူးဝတ်စုံမျိုးဝတ်ဆင်ထားသလဲ။ မင်း..မြင်နိုင်လား”

မာဂျီက မေးလိုက်သည်။

“အနီ၊အဖြူ၊ အပြာ အမေရိကန်အလံလို ဝတ်စုံမျိုး”

မီချဲလ်က မျက်လုံးပိတ်လျက်သားဖြင့်ပင် ဖြေလိုက်သည်။

“သိပ်ကောင်း။ မင်း ဒိုင်ဗင်ခုံပေါ်ကနေ ခုန်ချနေတဲ့ပုံ၊ အိပ်မက်ထဲကလို တဖြည်းဖြည်း အာရုံမြင်ကြည့်စမ်း။ အဲဒါကို မြင်နိုင်သလား”

“အေး...မြင်နိုင်တယ်”

မီချဲလ်က ဖြေလိုက်သည်။

“သိပ်ကောင်း။ ကိုင်း..မင်း အခု လုပ်နိုင်ပြီ။ ဘယ်လိုမဆို မင်းစိတ်ကူးနိုင်ရင်..မင်းလုပ်နိုင်တယ်။ အဲဒီကိုသွားပြီး လက်တွေ့လုပ်လိုက်ရအောင်”

မာဂျီက အားရပါးရ အော်လိုက်သည်။

“မီချဲလ်က ရေကူးကန်အစွန်းသို့ သူ့နောက်မှ တဖြည်းဖြည်းလိုက်သွားသည်။ ကျွန်တော်သည် ကျွန်တော့် ဖတ်လက်စစာအုပ်ပေါ်မှကျော်၍ သူတို့ကို ကြည့်နေခဲ့ပါသော်လည်း ကျွန်တော်နားထောင်နေမှန်း သူတို့မသိစေခဲ့ချေ။ ကျွန်တော် တအံ့တဩဖြစ်မိသည်။ နောက်ဘာဖြစ်မည်မှန်း ကျွန်တော်မသိချေ။ သို့သော်လည်း ရေကူးကန်တစ်ဝိုက်မှ လူအတော်များများ မကြည့်ဟန်၊ နားမထောင်ဟန်ပြုလျက် မသိမသာကြည့်၊ မသိမသာ နားထောင်နေသည်ကို ကျွန်တော်သတိပြုမိသည်။

မီချဲလ်သည် ရေစပ်သို့လျှောက်သွားသည်။ အလွန်ကြောက်လန့်နေဟန်ရှိခဲ့သည်။ သူက မာဂျီကို ကြည့်လိုက်ရာ မာဂျီက ပြောလိုက်သည်။

“မီချဲလ်.. မင်းကိုယ်မင်း တိုးတိုးသက်သာ ဆက်ပြောနေစေချင်တယ်။ ငါစိတ်ကူးနိုင်ရင် ငါ လုပ်နိုင်တယ်လို့။ ပြီးတော့ မင်း ရေထဲခုန်ချတာကို ငါ မြင်ချင်တယ်”

မီချဲလ်က ထပ်ကာထပ်ကာ ကျော့ဆိုလိုက်သည်။ “ငါ စိတ်ကူးနိုင်ရင်.. ငါ လုပ်နိုင်တယ်” ထို့နောက် ရုတ်တရက် သူ့ကိုယ်သူပင် အံ့အားသင့်စေသောအနေဖြင့် သူဒိုင်ဗင်ထိုးချလိုက်သည်။ ရေပွက်များ ထမသွားသည့်အနေနီးနီးဖြင့် ရေနက်ပိုင်းထဲသို့ ပီပီပြင်ပြင် ဒိုင်ဗင်ထိုးချလိုက်သည်။

မီချဲလ် ရေကန်မှ ပြန်တက်လာသောအခါတွင် မာဂျီသည် ခုန်ဆွခုန်ဆွဖြင့် လက်ခုပ်လက်ဝါး တီးနေခဲ့သည်။ “မင်း...လုပ်နိုင်ခဲ့တယ်” သူက အော်ဟစ်လိုက်သည်။ မီချဲလ်က နောက်တစ်ခါ ပြန်ဒိုင်ဗင်ထိုးရန်အတွက် ရေပြင်မှတက်လာရင်း ကျေနပ်စွာ သွားဖြီးပြုံးနေခဲ့သည်။ သည်စနစ် ဤမျှပင် ရိုးစင်းလှပေသလားဟု ကျွန်တော်တွေးထင်လိုက်သည်။

သဘောတရားက ဤမျှသာဖြစ်သည်။ သင်လုပ်နိုင်သည်ဟု သင်ပုံဖော်မြင်နိုင်ခြင်းမရှိသော အရာကို သင်ပြုမည်မဟုတ်ချေ။ အမြင်အာရုံပုံဖော်ခြင်းသည် ကိုယ့်အသွင်ကို ကိုယ်အာရုံခံမြင်မှုတစ်ရပ်ပင် ဖြစ်သည်။ ပုံဖော်မှုလုပ်ငန်းစဉ်ကို အသိရှိရှိ တမင်တကာ သင်ပြုမိလိုက်နိုင်သည်နှင့် သင်သည် သင်ဖြစ်လိုသူကို ဖန်တီးစပြုပေသည်။ ကျွန်တော်တို့ ဖန်တီးသော ပုံများထဲသို့ ကျွန်တော်တို့ ဒိုင်ဗင်ထိုးဝင်ရောက်မှုပြုသည်။

**Ref: Visual Creation by Steve Chandler**

# ပုသိမ်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ပုသိမ် စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ ၂၀၂၂ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယနေ့ကျင်းပပြုလုပ်သော အခမ်းအနားသည် အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းစဉ်များကို ဆက်စပ်ဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စဉ်ဆက်မပြတ် ဆောင်ရွက်သွားပြီး လူသားများနှင့် ကမ္ဘာပေါ်ရှိ သက်ရှိများကို ကောင်းမွန်သော အိုဇုန်းလွှာဖြင့် ဆက်လက်၍ အကာအကွယ်ပေးသွားနိုင်ရန်၊ အိုဇုန်းလွှာပျက်စီးမှုမရှိသော ကမ္ဘာ့ပူနွေးမှု ညွှန်းကိန်းနိမ့် ဒြပ်ပစ္စည်းများ အစားထိုးအသုံးပြုခြင်းဖြင့် ပိုမို အေးမြသည့်ကမ္ဘာကြီးဖြစ်လာစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ကောင်းမွန်သာယာလှပပြီး သန့်ရှင်းသည့်ကမ္ဘာကြီးကို ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်သစ်များအား လက်ဆင့်ကမ်းပေးနိုင်စေရန်အတွက် တက်ရောက်လာသူများအနေဖြင့် တစ်ဦးတစ်ယောက်ချင်းအနေဖြင့်သော်လည်းကောင်း၊ အဖွဲ့အစည်းများဖြင့်သော်လည်းကောင်း သက်ရှိများအတွက်သာမက နောင်အနာဂတ် မျိုးဆက်များအတွက်ပါ အရေးပါသည့် အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းစဉ်များကို အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။



ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တိုင်းဒေသကြီးတာဝန်ခံက ၂၀၂၂ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် ၂၀၂၂ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး Video Clip ပြသမှုကို ကြည့်ရှုအားပေးခဲ့ပြီး အထိမ်းအမှတ် မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးခဲ့ကြကာ ကမ္ဘာ့ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ပြသထားသောပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# စစ်တွေမြို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

**စစ်တွေ စက်တင်ဘာ ၁၉**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်၏ စီစဉ်မှုဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား အခြေခံစားသောက်ကုန်နှင့် ဟင်းသီးဟင်းရွက်များကို ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်း ယနေ့နံနက်ပိုင်းက ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

**ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချ**

ထိုသို့ ရောင်းချပေးရာတွင် ကြက်သား၊ ဝက်သား၊ ဘဲသား၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များ၊ အမဲသားနှင့် အသားစည်သွတ်ဘူးများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိပြီး မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ အစီအစဉ်ဖြင့် Perfect King Trading ကုမ္ပဏီလီမိတက်ကလည်း စားသုံးဆီများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့သည်။

စစ်တွေမြို့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ စစ်တွေတပ်နယ်မှ ဒေသခံပြည်သူများအား အခြေခံစားသောက်ကုန်နှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာဖြင့် ဒုတိယအကြိမ်မြောက် ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

■

# နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများအတွက် အရည်အသွေးမီဆန်များ ဈေးနှုန်းမှန်ကန်ချိုသာစွာဖြင့် ရောင်းချပေး

**နေပြည်တော် စက်တင်ဘာ ၁၉**

ပြည်သူများ အရည်အသွေးမီဆန်များ ဈေးနှုန်းမှန်ကန်ချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်တို့က စီစဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများအတွက် ဝန်ထမ်းတစ်ဦးလျှင် ဆန် 10kg တစ်အိတ်နှုန်းစီဖြင့် ရောင်းချပေးသည်။ အလားတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)ရှိ ဝန်ထမ်းများကိုလည်း ဆန်အိတ် ၄၅၈ အိတ် ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချပေးရာတွင် ဧရာပေါ်ဆန်း 10kg တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀ နှုန်း၊ ဧည့်မထ 10kg တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀ နှုန်းတို့ဖြင့် ဆန်အိတ် ၁၁၆၃ အိတ် ရောင်းချပေးခြင်းဖြစ်ပြီး အခြားဝန်ကြီးဌာနများရှိ ဝန်ထမ်းများအတွက်လည်း ဆက်လက်ရောင်းချပေးမည့်အပြင် အများပြည်သူအတွက် နေပြည်တော် မြို့မဈေး၊ သပြေကုန်းဈေး၊ အာဟာရသုခဈေးနှင့် ပုဗ္ဗသီရိဈေးများတွင် ရောင်းချပေးမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



**○ ကျောဖုံးမှ**

အက်သလက်တီကိုမက်ဒရစ်အသင်းဟာ နောက်ထပ် ချေပဂိုးထပ်မံရရှိရေးကြိုးပမ်းရင်း သာမန်ပွဲကစားချိန်ပြည့်ပြီး နာကျင်အချိန်ပို ၁ မိနစ်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် ချေပဂိုးတစ်ဂိုးသွင်းယူခဲ့တဲ့ မာရီယိုဟာမိုဆိုဟာ နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရတာ ဖြစ်ပါတယ်။

နည်းပြအန်ဆယ်လော့တီရဲ့ ရီးယဲလ်မက်ဒရစ်အသင်းဟာ အက်သလက်တီကိုမက်ဒရစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါ အဖွင့်ပွဲစဉ်ခြောက်ပွဲစလုံး အနိုင်ရရှိခဲ့တဲ့အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သလို ဘာစီလိုနာအသင်းရဲ့ အထက်နှစ်မှတ်အသာနဲ့ ဇယားထိပ်မှာ ဦးဆောင်ခွင့်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်းကတော့ ရီးယဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့လို့ အမှတ်ပေးဇယားအဆင့် (၇)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းဟာ စပိန်လာလီဂါအဖွင့်ပွဲစဉ် ခြောက်ပွဲစလုံး အနိုင်ရရှိခဲ့တာဟာ ၁၉၈၇-၁၉၈၈ ဘောလုံးရာသီက နောက်ဆုံးအကြိမ်အဖြစ် အဖွင့်ပွဲစဉ်ခြောက်ပွဲဆက် နိုင်ပွဲရရှိခဲ့ဖူးတာ ဖြစ်ပါတယ်။

**ငွေကြယ်**

**✪ အာရှဖလားမှ**

မြန်မာအသင်းပါဝင်သော အုပ်စု(က)တွင် ဆော်ဒီအာရေဗျအသင်းက သုံးပွဲနိုင် ကိုးမှတ်၊ တရုတ်အသင်းက နှစ်ပွဲနိုင် တစ်ပွဲရှုံး ခြောက်မှတ်၊ မြန်မာအသင်းက တစ်ပွဲနိုင် နှစ်ပွဲရှုံး သုံးမှတ်ရရှိကာ မော်လ်ဒိုက်အသင်းမှာမူ သုံးပွဲစလုံးရှုံးပြီး အမှတ်မရခဲ့ပေ။ ယင်းအုပ်စုတွင် ဥဇဘက်ကစ္စတန်အသင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း နောက်ဆုံးအဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲအောင်မြင်ပြီးဖြစ်သောကြောင့် ယင်းအသင်း၏ ရလဒ်များကို ထည့်သွင်းတွက်ချက်ခဲ့ခြင်းမရှိပေ။

ခြေစစ်ပွဲ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုပထမရရှိသည့် ဆော်ဒီအာရေဗျ၊ ဂျပန်၊ ကာတာ၊ ဂျော်ဒန်၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှား၊ အိုမန်၊ တာဂျစ်ကစ္စတန်၊ အီရန်၊ အကောင်းဆုံးအုပ်စုဒုတိယရရှိခဲ့သည့် ဗီယက်နမ်၊ ကာဂျစ္စတန်၊ တရုတ်နှင့် ဆီးရီးယားအသင်းတို့ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ဩစတြေးလျ၊ အိန္ဒိယ၊ အီရတ်နှင့် ကူဝိတ်အသင်းတို့ပါဝင်သော အုပ်စု(ဇ)ပွဲစဉ်များကို အောက်တိုဘာလမှ ကျင်းပမည်ဖြစ်သောကြောင့် ယင်းအုပ်စုပြီးမှသာ ခြေစစ်ပွဲအောင်နှစ်သင်း ထပ်မံထွက်ပေါ်မည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

**အားကစား**
**မြင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်**
**မူးယစ်ဆေး**

**အင်းစိန်ခရိုင်တရားရုံး**
**၂၀၂၂ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၃**
**အုပ်ထိန်းသူများနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေပုဒ်မ-၂၉ အရ ရောင်းချခွင့်ပြုရန် လျှောက်ထားခြင်း အကြောင်းကြားစာ**

ဦးဝင်းနိုင်ဦး — လျှောက်ထားသူ
အမှတ်-၁/၄၊ နဝဒေးအိမ်ရာ၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာ၊ အမှတ်-၁/၄နေ မောင်ဇော်ပိုင်၏ အုပ်ထိန်းသူအဖြစ် ခန့်အပ်ထားခြင်းခံရသူဖခင်ဖြစ်သူ ဦးဝင်းနိုင်ဦးက မောင်ဇော်ပိုင်အမည်ဖြင့် ဝယ်ယူထားရှိ ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်-နဝဒေးအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်-၃/၄၊ မြေကွက်အမှတ်-၃၅၂၊ အကျယ်အဝန်း ပေ(၈၅x၈၀)၊ ဧရိယာ(၆၈၀၀) စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်ကို အုပ်ထိန်းသူများနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေပုဒ်မ-၂၉အရ ရောင်းချလိုကြောင်း ဤရုံးသို့ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ မောင်ဇော်ပိုင်၏ရောင်းချခွင့်နှင့် သက်ဆိုင်သူလူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်၊ (၁၃၈၄ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်)နေ့ နံနက်(၁၀:၀၀)နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးဝင်းနိုင်ဦး၏ လျှောက်ထားချက်ကိုကြားနာ၍ ရောင်းချခွင့်ပြုသင့်/ မပြုသင့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ခုနှစ်၊ စက်တင်ဘာလ(၁၆)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စောဖြူဖြူလှိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**အင်းစိန်ခရိုင်တရားရုံး**

## ဝမ်းနည်းကြေကွဲခြင်း

**မဟာသဒ္ဓမ္မ ဇောတိကဓဇ စည်သူဒေါက်တာခင်မောင်ညွန့်**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

**အသက်(၉၃)နှစ်**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ မြန်မာသမိုင်းအဖွဲ့၊ အချိန်ပိုင်းအဖွဲ့ဝင် စည်သူဒေါက်တာခင်မောင်ညွန့်သည် ၁၅-၉-၂၀၂၂ ရက်(ကြာသပတေးနေ့) ည ၈ နာရီတွင် နေအိမ်၌ ၉၆ ပါး သောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင်**
**ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးမြင့်စိုး**

လေ ၁၁၀၁၊ ဗိုလ်မှူး(ငြိမ်း) (စက်မှုလက်မှု)
ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း) စက်မှုဝန်ကြီးဌာန၊
ပြန်ကြားရေးဝန်ကြီးဌာန

**အသက်(၉၃)နှစ်**

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး-ဒေါက်တာခင်ဒါလီထွန်းတို့၏ဖခင် ဦးမြင့်စိုးသည် ၁၇-၉-၂၀၂၂ (စနေနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း/ အမှုထမ်းများ**
**မြန်မာ့မီးရထား**

## ဦးစိုးဝင်း

**လက်ထောက်အကောက်ခွန်မှူး**

**အကောက်ခွန်ဦးစီးဌာန**

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ တိုက်(၂၄-B)၊ (၁၀၁)၊ (၁၀၂)၊ သုမင်္ဂလာအိမ်ရာ၊ လေးထောင့်ကန်လမ်းမကြီးနေ [ဦးမြင့်စိုး (လ/ထ ညွှန်မှူး-ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)]-ဒေါ်လှလှဝင်းတို့၏ သား၊ (ဦးကျော်ဝင်း-ဒေါ်အေးတင်)တို့၏သားသမက်၊ ဦးကျော်ကျော်အောင်-ဒေါ်သင်းသင်းစိုး၊ မမင်းမင်းစိုးတို့၏အစ်ကို၊ မောင်လပြည့်ဟိန်း၏ဖခင်၊ ဒေါ်မင်းမင်းဝင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၉-၉-၂၀၂၂ ရက် နံနက် ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၂၂ ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးအောင်ခင်

**အရာခံဗိုလ်(ငြိမ်း)B.E.M.E**

**အသက်(၉၄)နှစ်**

အလုံမြို့နယ်၊ စောရန်ပိုင်(တောင်)ရပ်ကွက်နေ အမှတ်(၃၉)၊ ငုဝါလမ်း၊ (ဦးချစ်-ဒေါ်စောရင်)တို့၏ ချစ်လှစွာသောသား၊ (ဒေါ်ကြင်အေး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကိုကိုနိုင်-ဒေါ်ခင်အေးဦး၊ ဒေါ်ခင်အေးမြင့်၊ Dr. ဘိုဖြူ-ဒေါ်ခင်အေးတင့်၊ မောင်မင်းအောင်၊ (ဦးကြီးမြင့်)-ဒေါ်ခင်အေးဆင့်၊ ဒေါ်ဥမ္မာအောင်တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ Dr.ပြေကျော်ဟန်-မဝင်းလဲ့ကြူ၊ မောင်ထက်အောင်ပြည့်၊ မောင်သန့်စင်၊ မမေမြတ်မွန်၊ မဖြူစင်မြသွေး၊ မနေခြည်ဆင့်၊ မောင်ညီညီမင်းထက်၊ မမြသက်ဝေတို့၏ ချစ်လှစွာသောအဘိုးသည် ၁၈-၉-၂၀၂၂ (တနင်္ဂနွေနေ့) ည ၈:၄၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၂၂ ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ်-၁၃၈၊ အကျယ်အဝန်း (၄၀x၆၀)ပေ၊ မြေအမျိုးအစား-ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၁၃၈)၊ အေးရိပ်သာလမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော မြေနှင့်(၃)ထပ်တိုက်အဆောက်အဦ အကျိုးခံစားခွင့် အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဒေါ်စန်းရီ (AA-၀၅၇၂၁၁) အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အရ ဦးဟန်ထွန်း [၁၃/ဟပတ(နိုင်)၀၀၀၂၂၀]က ဝယ်ယူခဲ့ပြီး မိမိတစ်ဦးတည်း ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက မြေနှင့်အိမ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အိမ် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုနန္ဒာကျော် (စဉ်-၄၀၇၂၂)**
**အထက်တန်းရှေ့နေ**
**အမှတ် (၂၃)၊ နတ်ချောင်း (၂)လမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်။**
**Ph: 09-43144327**

## ဝမ်းနည်းကြေကွဲခြင်း

**မဟာသဒ္ဓမ္မ ဇောတိကဓဇ စည်သူဒေါက်တာခင်မောင်ညွန့်**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

**အသက်(၉၃)နှစ်**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ မြန်မာသမိုင်းအဖွဲ့၊ အချိန်ပိုင်းအဖွဲ့ဝင် စည်သူဒေါက်တာခင်မောင်ညွန့်သည် ၁၅-၉-၂၀၂၂ ရက်(ကြာသပတေးနေ့) ည ၈ နာရီတွင် နေအိမ်၌ ၉၆ ပါး သောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကိုကိုလှိုင်နှင့်ဇနီး ဒေါက်တာသီတာတင်**
**ပြည်ထောင်စုဝန်ကြီး၊**
**အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးမြင့်စိုး**

**အသက်(၉၃)နှစ်**

နေပြည်တော်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၏ ဖခင်ကြီးဖြစ်သူ ဦးမြင့်စိုး အသက်(၉၃)နှစ်သည် ၁၇-၉-၂၀၂၂ ရက်တွင် ကွယ်လွန်အနိစ္စရောက်ရှိကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ "ဘဘ ကောင်းရာသုဂတိလားပါစေ"

**ပဲခူးတိုင်းကျန်းမာရေးမိသားစုမှ တပည့်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးမြင့်စိုး**

**အသက်(၉၃)နှစ်**

နေပြည်တော်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၏ ဖခင်ကြီးဖြစ်သူ ဦးမြင့်စိုး အသက်(၉၃)နှစ်သည် ၁၇-၉-၂၀၂၂ ရက်တွင် ကွယ်လွန်အနိစ္စရောက်ရှိကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ "ဘဘ ကောင်းရာသုဂတိလားပါစေ"

**မွန်ပြည်နယ်ကျန်းမာရေးမိသားစုမှ တပည့်များ**

## ဒေါ်ခင်သန်းဝင်း

**ကျောင်းအုပ်ကြီး(ငြိမ်း)**

**မော်လမြိုင်ကူးသန်းရောင်းဝယ်ရေး ပညာသင်ကျောင်း**

**အသက်(၇၅)နှစ်**

ကျိုက်ကော်မြို့နေ ဦးကြီးယား-ဒေါ်ပုလုံးတို့၏မြစ်၊ ဦးပွေး-ဒေါ်သိန်းလှ၊ ဘီးလင်းမြို့နေ ဦးစောယုဆိုင်-ဒေါ်ကြင်မေတို့၏မြေး၊ မော်လမြိုင်မြို့ အငြိမ်းစား စာတိုက်ဝန်ထောက် ဦးစံချောင်း-ဒေါ်မြဆင့်တို့၏သမီးကြီး၊ ဦးကျော်ဇောနိုင် (တွဲဖက်ပါမောက္ခ-ငြိမ်း၊ ဥပဒေပညာဌာန၊ မော်လမြိုင်တက္ကသိုလ်)-ဒေါ်တင်ဝင်းရည် (စာကြည့်တိုက်မှူး-ငြိမ်း၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်)၊ ဒေါက်တာသန်းဌေး-ဒေါ်ညိုညိုနွဲ့၊ ဒေါက်တာဇော်လင်း (ပါမောက္ခချုပ်-ငြိမ်း၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်)၊ ဒေါ်ခင်စန်းဝင်း (ဒုတိယကျောင်းအုပ်ကြီး-ငြိမ်း၊ မော်လမြိုင်ပညာရေးကောလိပ်)၊ ဒေါက်တာသက်အောင်-ဒေါ်သန်းသန်းလှတို့၏ အစ်မကြီးသည် ၁၉-၉-၂၀၂၂ (တနင်္လာနေ့) နံနက် ၃ နာရီတွင် မော်လမြိုင်မြို့၊ မြောက်ခရုန်း၊ နော်ခရီရပ် ရန်ကုန်-မြိတ်လမ်းမကြီးနေအိမ်၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ဝွေးကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၉-လမ်း၊ အမှတ်(၁/၃)၊ အခန်း (၁၀)၊ ပထမထပ်ဟုခေါ်တွင်သည့် တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်**

အဆိုပါ တိုက်ခန်းကို တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်ခင်အုန်းမြင့် [၁၄/ဝခမ(နိုင်)၁၆၄၃၂၄]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဉ်-၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-5017044**

အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း(mask)ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

---

မဟာသဒ္ဓမ္မဇောတိကဓဇ

## စည်သူဒေါက်တာခင်မောင်ညွန့်

**အချိန်ပိုင်းအဖွဲ့ဝင် (မြန်မာသမိုင်းအဖွဲ့)**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ရှေးဟောင်းသုတေသနဦးစီးဌာန**

**အသက်(၉၃)နှစ်**

မန္တလေးမြို့နေ (ဦးသိန်း- ဒေါ်ကြည်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးဂေါ်ထွန်း-ဒေါ်စိန်ငွေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မိုးမခလမ်းနေ ဒေါ်လှလှခင်၏ခင်ပွန်း၊ ဦးကျော်ဇောညွန့်-ဒေါက်တာဂျူဒီတင်လေး၊ ဦးဆန်နီထွန်း-ဒေါ်ခင်မေညွန့်၊ ဦးကျင်သန်း-ဒေါက်တာရွှေဇင်ညွန့်၊ Mr. Desmond Lau- ဒေါ်သိင်္ဂီညွန့်၊ ဒေါ်မြကေခိုင်ညွန့်တို့၏ဖခင်၊ မကေသီကျင်၊ မောင်ခန့်ဇော်ညွန့်၊ မောင်အောင်ဘုန်းကျော်ဇော၊ မသွန်းနန္ဒီကျော်ဇောတို့၏အဘိုး ဒေါက်တာဦးခင်မောင်ညွန့်သည် ၁၅-၉-၂၀၂၂ ရက် ည ၈နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၉-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်အေးသောင်း(B.Sc Physics)

**ဘိုကလေး**

**အလယ်တန်းပြ(ငြိမ်း)**

**အ.ထ.က(၁) ကြည့်မြင်တိုင်၊ အ.ထ.က(၂) ဒဂုံ**

**အသက်(၈၁)နှစ်**

ဘိုကလေးမြို့၊ တတိယလမ်းနေ (ဦးပန်းမြ-ဒေါ်တင်မေ)တို့၏သမီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၁)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ ခြံအမှတ်(၅)နေ ဒေါ်သန်းရွှေ ဒေါ်အေးသိန်း (အ.ထ.က-၂၊ ဒဂုံ-ငြိမ်း)၏ညီမ၊ ဒေါ်ဝင်းကြည်၊ (ဦးလှထွန်းကြည်)တို့၏အစ်မ၊ မောင်ဝင်းသော်ထွန်း-မမေသူလွင်တို့၏ ကြီးတော် ဒေါ်အေးသောင်းသည် ၁၇-၉-၂၀၂၂ (စနေနေ့) ညနေ ၃:၄၅ နာရီတွင် ဘဝတစ်ပါးသို့ပြောင်းရွှေ့ ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးကြီးသိန်းတန်(ငြိမ်း)

**ကြည်း/၁၂၉၀၁၊ တေဇ (၁)**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၂၆)၊ တော်စတာဥယျာဉ်အိမ်ရာ၊ သုမင်္ဂလာလမ်း၊ သဃ်န်းကျွန်းမြို့နယ်နေ (ဦးမောင်မောင်)-ဒေါ်သောင်းတို့၏သား၊ ဒေါ်တင်တင်ထွေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇာနည်သိန်းတန်-ဒေါ်ထက်ထက်စိုး၊ ဦးမြတ်ဘိုဘိုဝင်း-ဒေါ်ချိုလွင်သိန်းတန်၊ ကိုကျော်စွာသိန်းတန်၊ ကိုနေလွင်သိန်းတန်တို့၏ ချစ်လှစွာသောဖခင်၊ မြေး လေးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၈-၉-၂၀၂၂ ရက် ညနေ ၆:၃၀ နာရီတွင် နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၂၂ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

စလင်းမြို့နယ်အသင်း(ရန်ကုန်)

**ဗိုလ်မှူးကြီးသိန်းတန်(ငြိမ်း)**

**အသက်(၇၂)နှစ်**

စလင်းမြို့ဈေးမရပ်နေ (ဦးမောင်မောင်)-ဒေါ်သောင်းတို့၏သား၊ ပဒါန်းမြို့နေ ဦးကံသာ-ဒေါ်စိန်ဖော့တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ TOSTA ဥယျာဉ်အိမ်ရာ၊ သစ်ခွလမ်း၊ အမှတ်(၂၆)နေ ဒေါ်တင်တင်ထွေး၏ ခင်ပွန်း၊ သားသုံးယောက်၊ သမီးတစ်ယောက်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ အသင်းဝင်ဖြစ်သူသည် ၁၈-၉-၂၀၂၂ ရက် ညနေ ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၂၂ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

**သင့်**
**သွေးဖြင့်**
**အသက်**
**ကယ်ပါ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**တေဇ(၁)၊ ကြည်း/၁၂၉၀၁**

**ဗိုလ်မှူးကြီးသိန်းတန်(ငြိမ်း)**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ တော်စတာဥယျာဉ်အိမ်ရာနေ ဒေါ်တင်တင်ထွေး၏ ချစ်လှစွာသောခင်ပွန်း သူငယ်ချင်း ဗိုလ်မှူးကြီး သိန်းတန်(ငြိမ်း)သည် ၁၈-၉-၂၀၂၂ ရက် ညနေ ၆:၃၀ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်း**
**အမှတ်စဉ်(၁)၊ သူငယ်ချင်းများ**
**နှင့် မိသားစုများ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(၇)ရပ်ကွက်၊ ရွှေဝါ(၂)လမ်း၊ အမှတ် (၁၆၁/က + ၁၆၂/ခ)ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၃-½)ထပ်တိုက်အဆောက်အဦး၏ A-3 ပထမထပ်၊ (၁၈' x ၅၂')ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးငွေးလွင် (၁၂/ကမန (နိုင်) ၀၅၄၅၈၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အထက်ပါတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဖြိုးအိစံ (LL.B, D.B.L, D.I.L)**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၇၁၈/၁၃)
အမှတ်- ၅၀၊ မြေညီထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၀၉ - ၄၂၀၄၄၂၅၉၅

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရ အမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့် လွှတ်တော်တွင် ပိုမိုပါဝင်လာရမည်ဖြစ်။**

**တပ်မတော်သည် တိုင်းပြည်ကို ထိန်းသိမ်းစောင့်ရှောက်သူ (Guardian)အဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၊ တိုင်းရင်းသားအဖွဲ့များအနေဖြင့်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်အခွင့်အရေးကို ရရှိရန်အတွက် တရားဥပဒေနှင့်အညီ၊ စည်းကမ်းနှင့်အညီ၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန်လို။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၄ ရက်တွင် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်းဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့** ဖတ်စရာ

**SIM Card များ စနစ်တကျ ဝယ်ယူအသုံးပြုနိုင်ရေးနှင့် မှန်ကန်စွာ မှတ်ပုံတင်သုံးစွဲနိုင်ရေး အသိပေးကြေညာချက်**

စာမျက်နှာ » ၉

**ဒေသခံပြည်သူများအနေနဲ့ ကားနဲ့သွားလာရတာ ထက် မီးရထားနဲ့သွားလာရတာက ပိုပြီးသက်သောင့်သက်သာရှိတဲ့အပြင် ကုန်ကျစရိတ်ချိုသာပြီး ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်ထိရောက်တဲ့ အကျိုးကျေးဇူးတွေကို ရရှိစေမှာဖြစ်ပါတယ်**

စာမျက်နှာ » ၁၅

**မိတ်ဆွေကောင်းလိုချင်သလား**

စာမျက်နှာ » ၂၁

## အက်သလက်တီကိုမက်ဒရစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး လာလီဂါအမှတ်ပေးဇယားထိပ်၌ ရီးယဲလ်မက်ဒရစ် ဆက်လက်ရပ်တည်

စပိန်လာလီဂါပွဲစဉ်(၆)ရဲ့ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်တဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ရဲ့ မက်ဒရစ်ဒါဘီပွဲစဉ်ကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ရီးယဲလ်မက်ဒရစ်အသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါအမှတ်ပေးဇယားထိပ်၌ ဆက်လက်ရပ်တည်ခွင့်ရရှိခဲ့ပါတယ်။



အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက ပွဲကစားချိန် ၁၈ မိနစ်မှာ ရိုဒရီဂိုရဲ့ သွင်းဂိုးနဲ့ ၃၆ မိနစ်မှာ ဗယ်လ်ဗာဒီရဲ့ သွင်းဂိုးတွေ ရရှိခဲ့ပြီး အက်သလက်တီကိုမက်ဒရစ်အသင်းကတော့ ဒုတိယပိုင်း ပွဲကစားချိန် ၈၃ မိနစ်ရောက်မှ မာရီယိုဟာမိုဆိုရဲ့ သွင်းဂိုးနဲ့ ချေပဂိုးတစ်ဂိုး ရရှိခဲ့တာဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်ကစားသမား ရိုဒရီဂိုဟာ အခုပွဲစဉ်မှာ ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် အခုနှစ်ဘောလုံးရာသီ လာလီဂါငါးပွဲမှာ သွင်းဂိုးသုံးဂိုးသွင်းယူထားသူလည်း ဖြစ်ပါတယ်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ○

## အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ နောက်ဆုံးပွဲတွင် မြန်မာအသင်း အနိုင်ရ

ရန်ကုန် စက်တင်ဘာ ၁၉

၂၀၂၃ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲများကို မြန်မာစံတော်ချိန် စက်တင်ဘာ ၁၈ ရက်နှင့် စက်တင်ဘာ ၁၉ ရက် နံနက်အစောပိုင်းက ကျင်းပရာ မြန်မာအသင်း နိုင်ပွဲရရှိခဲ့သည်။

**နိုင်ပွဲရယူနိုင်ခဲ့**

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် မော်လ်ဒိုက်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုးပြတ် အနိုင်ရခဲ့သည်။ နှစ်သင်းစလုံး ခြေစစ်ပွဲအောင်မြင်ရန် မျှော်လင့်ချက်မရှိသော်လည်း အကောင်းဆုံးကြိုးစားခဲ့ပြီး မြန်မာအသင်းက နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၄၅+၂ မိနစ်တွင် ကောင်းထက်ပိုင်၊ ၈၁ မိနစ်တွင် စွမ်းထက်၊ ၈၆ မိနစ်တွင် လမင်းထွေးတို့က သွင်းယူခဲ့သည်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❂



မြန်မာအသင်းနှင့် မော်လ်ဒိုက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် စက်တင်ဘာ ၁၉

| | | |
|---|---|---|
| ရေး | ၆ ဒသမ ၅၄ | လက်မ |
| ချောင်းဆုံ | ၅ ဒသမ ၄၇ | လက်မ |
| ပေါင် | ၄ ဒသမ ၆၁ | လက်မ |
| လပွတ္တာ | ၄ ဒသမ ၂၁ | လက်မ |
| ကျိုက္ခမီ | ၄ ဒသမ ၀၆ | လက်မ |
| သထုံ | ၃ ဒသမ ၆၆ | လက်မ |
| မုဒုံ | ၃ ဒသမ ၅၀ | လက်မ |
| မော်လိုက် | ၂ ဒသမ ၂၀ | လက်မ |